# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

## နိုင်ငံရေးအကျဉ်းသားသတင်း
## ၂၀၀၄ အောက်တိုဘာ


- ကျောင်းသား ၄ ဦး ထောင်ချခံရ၍ မအူပင်နည်းပညာကောလိပ်ကျောင်းသားများ မကျေနပ် *၃၊ အောက်တိုဘာ၊ ၂၀၀၄*
- ဒေါက်တာသန်းငြိမ်း၏ကျန်းမာရေးအခြေအနေ တိုးတက်မှုမရှိသေးဟုသိရ *၃၊ အောက်တိုဘာ၊ ၂၀၀၄*
- ကုလ ညီလာခံစတင်သည့်နေ့က ဖမ်းဆီးခံရသူ ၂ ဦးအတွက် စိုးရိမ်မိကြောင်း အဖွဲ့ချုပ်က ပြောဆို *၄၊ အောက်တိုဘာ၊ ၂၀၀၄*
- မအူပင် နည်းပညာကောလိပ်ကျောင်းသားတဦးနှင့် ဆက်သွယ်မေးမြန်းချက် *၄၊ အောက်တိုဘာ၊ ၂၀၀၄*
- နိုင်ငံရေးအကျဉ်းသားများနှင့် ပြင်ပရှိမိသားစုတို့၏ ဖိနှိပ်ခံရမှုများ *၅၊ အောက်တိုဘာ၊ ၂၀၀၄*
- အာဏာပိုင်တို့အပေါ် တရားစွဲဆိုထားမှုများ အခြေအနေ *၇၊ အောက်တိုဘာ၊ ၂၀၀၄*
- ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် အေအိုင်အဖွဲ့က တောင်းဆို *၈၊ အောက်တိုဘာ၊ ၂၀၀၄*
- မုံရွာမြို့မှ အဖွဲ့ချုပ်ဝင်လူငယ်တဦးအား ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးထား *၉၊ အောက်တိုဘာ၊ ၂၀၀၄*
- မအူပင်နည်းပညာကောလိပ်မှ ကျောင်းသား ၄ ဦး ပြန်လည်လွှတ်မြောက် *၉၊ အောက်တိုဘာ၊ ၂၀၀၄*
- ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ တိုးတက်လာခြင်း မရှိသေးဟု သိရ *၁၁၊ အောက်တိုဘာ၊ ၂၀၀၄*
- ကိုဇော်သက်ထွေးနှင့် ၉ ဦးပါ အထူးအယူခံလွှာ ယနေ့ အပြီးသတ်ကြားနာစစ်ဆေး *၁၁၊ အောက်တိုဘာ၊ ၂၀၀၄*
- မုံရွာမြို့မှ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်တဦး ထောင်ဒဏ် ၃ နှစ် ချမှတ်ခံရ *၁၁၊ အောက်တိုဘာ၊ ၂၀၀၄*
- မြန်မာ့အရေးဓာတ်ပုံပြပွဲနှင့် လွတ်မြောက်ရေးဆုတောင်းပွဲ ဂျပန်နိုင်ငံ တိုကျို၌ပြုလုပ် *၁၁၊ အောက်တိုဘာ၊ ၂၀၀၄*
- လွှတ်တော်ကိုယ်စားလှယ်များအား ချက်ချင်းပြန်လွှတ်ပေးရန် အိုင်ပီယူက တောင်းဆို *၁၂၊ အောက်တိုဘာ၊ ၂၀၀၄*
- ဘာသာရပ်သင် ဥပဒေပုဒ်မဖြင့် မုံရွာမှအဖွဲ့ချုပ်လူငယ်တဦး ထောင်ဒဏ်ချမှတ်ခြင်းခံရ *၁၂၊ အောက်တိုဘာ၊ ၂၀၀၄*
- မန္တလေး အိုးဘိုထောင်၌ ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်ထား *၁၃၊ အောက်တိုဘာ၊ ၂၀၀၄*
- ယူအဲန်ဒီပီ ရုံးရှေ့ဆန္ဒပြ၍ ဖမ်းဆီးခံရသူ ၂ဦးအား မိသားစုနှင့် တွေ့ခွင့်မပြု *၁၄၊ အောက်တိုဘာ၊ ၂၀၀၄*
- ကိုဇော်သက်ထွေးနှင့် ၉ ဦးပါ အထူးအယူခံလွှာ နောက်ဆုံးအဆင့် ကြားနာဆုံးဖြတ် *၁၅၊ အောက်တိုဘာ၊ ၂၀၀၄*
- မန္တလေး အိုးဘိုထောင်ရှိ အကျဉ်းသားများကို ထောင်ဝင်စာတွေ့ခွင့် ပြန်လည်ခွင့်ပြု *၁၅၊ အောက်တိုဘာ၊ ၂၀၀၄*
- နိုင်ငံရေးအကျဉ်းသား ၂ဦး နိုင်ငံတကာသတင်းစာလွတ်လပ်ခွင့်ဆု ရရှိ *၁၅၊ အောက်တိုဘာ၊ ၂၀၀၄*
- ဟင်္သာတမြို့နယ်အတွင်းမှ အာဏာပိုင်တို့အပေါ် တရားစွဲဆိုမှု *၁၆၊ အောက်တိုဘာ၊ ၂၀၀၄*
- ကလေးမြို့ အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးရွားနေ *၁၈၊ အောက်တိုဘာ၊ ၀၄*
- အင်းစိန်ထောင်တွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးအား ထောင်သက်တမ်း၁နှစ်တိုး *၁၈၊ အောက်တိုဘာ၊ ၂၀၀၄*
- အဖွဲ့ချုပ် စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌအား အင်းစိန်ထောင်တရားရုံး၌ ကြားနာစစ်ဆေး *၂၂၊ အောက်တိုဘာ၊ ၂၀၀၄*
- အဖွဲ့ချုပ်ဝင်များ ထောင်ဒဏ်အသီးသီး ချမှတ်ခံရ *၂၅၊ အောက်တိုဘာ၊ ၂၀၀၄*
- ကျောင်းသားခေါင်းဆောင် ကိုဒွေးကြွယ် ပြန်လည်လွှတ်မြောက် *၂၆၊ အောက်တိုဘာ၊ ၂၀၀၄*
- ထောင်ဒဏ်ကျခံနေရသူ ၂ဦးအတွက် စစ်တပ်မှ ဒဏ်ငွေဆောင်၍ ပြန်လည်လွှတ်မြောက် *၂၇၊ အောက်တိုဘာ၊ ၂၀၀၄*
- နိုင်ငံရေးအကျဉ်းသား ဇော်မျိုးထက် အကျဉ်းကျခံနေရစဉ် သေဆုံး *၃၀၊ အောက်တိုဘာ၊ ၂၀၀၄*

## ကျောင်းသား ၄ ဦး ထောင်ချခံရ၍ မအူပင်နည်းပညာကောလိပ်ကျောင်းသားများ မကြေနပ်

*၃၊ အောက်တိုဘာ၊ ၂၀၀၄*

ရောဝတီတိုင်း၊ မအူပင်မြို့ နည်းပညာကောလိပ်က ကျောင်းသား ၄ ဦးကို ရည်းစားစကား ပြောရန်ကြိုးစား၍ဆိုပြီး အာဏာပိုင်တို့က ဖမ်းဆီးကာ ထောင်၂ နှစ်ခွဲစီချလိုက်ကြောင်း သိရသည်။

အခင်းဖြစ်ပွားပုံမှာ ပြီးခဲ့သည့်လ ၁၈ရက် စနေနေ့ညနေပိုင်း မအူပင်နည်းပညာကောလိပ်က ကျောင်းသား ၂ ဦးနှင့် အနီးနားရပ်ကွက်က မိန်းကလေးတဦး အပြန်အလှန်စကားများသည်ကို ပုံကြီးချဲ့ပြီး အမျိုးသမီးရေးရာကော်မတီက အာဏာပိုင်များထံ တိုင်ကြားလိုက်၍ ယခုလို မတရားပြစ်ဒဏ်ချခံခြင်းဖြစ်သည်ဟု မအူပင်မြို့မှ ကျောင်းသားတဦးက ပြောဆိုသည်။ ကျောင်းသားများမှာ လူငယ် သဘာ၀ သာမန်နောက်ပြောင်ခြင်းသာ ဖြစ်သော်လည်း အဆိုပါအမျိုးသမီးငယ်က ဤသည်မှာ အမျိုးသမီးအခွင့်အရေးကို စော်ကားသည်ဆိုပြီး ၀န်ကြီးချုပ်ကတော် ဒေါ်ခင်ဝင်းရွှေ၏အဖွဲ့ဖြစ်သည့် မြို့နယ်အမျိုးသမီးရေးရာ ကော်မတီထံ တိုင်ကြားခဲ့သည်ဟုဆိုသည်။

မအူပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌကလည်း တိုင်ကြားမှုကို အတည်ယူပြီး သူမ၏ခင်ပွန်းသည် (မြို့နယ် မယက ဥက္ကဋ္ဌ) ထံ တိုင်ကြားခဲ့သည်ဟုဆိုသည်။ ထို့နောက် တနင်္ဂနွေနေ့တွင် မယကဥက္ကဋ္ဌအမိန့်ဖြင့် ကျောင်းသား ၄ဦးဖြစ်သော အောင်ကိုကိုဝင်း၊ ဝဏ္ဏအောင်၊ ပြည့်ဖြိုးဝင်းနဲ့ ဝင်းကိုကိုတို့ကို ဖမ်းဆီးခဲ့သည်။ မအူပင်မြို့နယ်တရားရုံးကလည်း ထိုအမှုကို ချက်ချင်းစစ်ဆေးခဲ့ပြီး အမျိုးသမီးနှင့်စကားများခဲ့သူ ကျောင်းသား၂ဦးဖြစ်သော အောင်ကိုကိုဝင်းနှင့် ဝဏ္ဏအောင်ကို ထောင်ဒဏ် ၂ နှစ်နှင့် ၆ လစီ၊ ဘေးက ရပ်ကြည့်မိသူ ၂ ဦးဖြစ်သည့် ပြည့်ဖြိုးဝင်းနှင့် ဝင်းကိုကိုတို့ကို ထောင် ၂ နှစ်စီ အပြစ်ပေးလိုက်ကြောင်း အဆိုပါကျောင်းသားက ပြောပြခဲ့သည်။ ယခုကိစ္စမှာ လူငယ်သဘာ၀ သာမန်ဖြစ်ရိုးဖြစ်စဉ်သာဖြစ်သော်လည်း အာဏာပိုင်တို့ဘက်က ယခုလိုအပြစ်ပေးလိုက်သည့်အပေါ် ကျောင်းသားထု တရပ်လုံး မကျေမနပ်ဖြစ်သည်ဟုဆိုသည်။ အထူးသဖြင့် ထိုအမှုကို ပုံကြီးချဲ့ခဲ့သူ မယကဥက္ကဋ္ဌကတော် ဦးဆောင်သည့် အမျိုးသမီးရေးရာအဖွဲ့နှင့် အဖွဲ့၏ ဗဟိုဥက္ကဋ္ဌ ဒေါ်ခင်ဝင်းရွှေတို့အပေါ် ကျောင်းသားများက ကြိမ်းမောင်းဆဲဆိုနေသည်ဟုလည်း သိရသည်။

ယခုဖမ်းဆီးခံထားရသူများကို ပြန်လွှတ်ပေးရန် နည်းပညာကျောင်းသားများက သက်ဆိုင်ရာသို့ တင်ပြထားပြီး အကယ်၍ အချိန်မီပြန်လွှတ်မပေးပါက အုံကြွမှုများ ဖြစ်လာနိုင်သည်ဟုလည်း အဆိုပါကျောင်းသားက ပြောကြားသွားခဲ့သည်။ [အစသို့]

## ဒေါက်တာသန်းငြိမ်း၏ကျန်းမာရေးအခြေအနေ တိုးတက်မှုမရှိသေးဟုသိရ

*၃၊ အောက်တိုဘာ၊ ၂၀၀၄*

ပုဒ်မ ၁၀ (က) ဖြင့် ထောင်သက်တမ်းထပ်မံတိုးသည်ကို မကျေနပ်၍ အစာတော်ခံဆန္ဒပြခဲ့သည့် နိုင်ငံရေးအကျဉ်းသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၏ကျန်းမာရေးအခြေအနေ ဆိုးရွားနေဆဲဖြစ်သည်ဟု သိရသည်။ ပြီးခဲ့သည့်လ ၂၈ ရက်နေ့က အသည်းအထူးကုဆရာဝန်နှင့် တွေ့ပေးခဲ့သော်လည်း ထူးထူးခြားခြားတိုးတက်လာခြင်း မတွေ့ရသေးကြောင်း မနေ့က ထောင်ဝင်စာသွားတွေ့ခဲ့သူ ဇနီး ဒေါ်ခင်အေးက ပြောဆိုသည်။ အသည်းက မာကျစ်သွားပြီး ကင်ဆာအရိပ်အရောင် တွေ့နေရသဖြင့် ဂရုတစိုက်နှင့် ဆေးစစ်ချက်ယူနေရသည်ဟုဆိုသည်။ ထို့ပြင် အစာအိမ်၊ ဆီးကြိတ်နှင့် အရိုးကြည်းပေါင်းတက် ရောဂါများကလည်း စိုးရိမ်ရသည့် အခြေအနေကို ရောက်ရှိနေကြောင်း ဒေါ်ခင်အေးက ဒီဗွီဘီကို ယခုလိုရှင်းပြသည်။

“တွေ့တော့တွေ့ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ရက်တွေက အကုန်လုံး ဆေးစစ်တယ်လေ။ တချို့လည်း သိပြီ၊ တချို့လည်း မသိရသေးဘူး။ အသဲကတော့ သေးသွားတယ်။ မာသွားတာ။ ခုတော့ ကင်ဆာကတော့ မဖြစ်သေးဘူးပေါ့။ ဒါပေမယ့် ခဏခဏတော့ ဆေးစစ်ပေးရမှာပေါ့။ အသည်းနဲ့ဆီးကြိတ်က ပိုဆိုးတယ်။ အစာအိမ်ကလည်း ပြောလို့မရဘူး။ အဲဒီသုံးမျိုးလုံးက ပြောလို့မရဘူး။ အခုတော့ ၆ လတခါလောက်ဖြစ်ဖြစ်၊ ၃ လတခါလောက်ဖြစ်ဖြစ် ဆရာဝန်တွေက ညွှန်ကြားတဲ့အတိုင်း လုပ်ပေးရမှာပေါ့။ ခါးနဲ့ ဂုတ်မှာ ကြည်းပေါင်းတက်နေတယ်။ နည်းနည်းလမ်းလျှောက်ရင် ခါးနာတယ်၊ အကြောတွေမကောင်းဘူး။ လမ်းနည်းနည်း လောက်လျှောက်ပြီးရင်ကျင်လာတယ်။”

ဒေါက်တာသန်းငြိမ်းမှာ ယခုလောလောဆယ် ရန်ကုန်ဆေးရုံကြီးအချုပ်ဆောင်၌ ရှိနေပြီး အစာတော်ခံဆန္ဒပြသည်ကို ခေတ္တရပ်နားထားသည်ဟု ယူဆရသည်။ ဒေါ်ခင်အေးကမူ ထိုကိစ္စကို ရှင်းရှင်းလင်းလင်း မသိရသေးဟု ပြောဆိုခဲ့ပြီး အာဏာပိုင်များနှင့် ဒေါက်တာသန်းငြိမ်းအကြား ညှိနှိုင်းနေဆဲဖြစ်သည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ အသက် ၆၇ နှစ် အရွယ်ရှိ ဒေါက်တာသန်းငြိမ်း၏ ရောဂါအခြေအနေမှာ မည်သို့မှ အကျဉ်းထောင်ထဲတွင် မနေသင့်တော့၍ အမြန်ဆုံးပြန်လွှတ်ပေးစေချင်သည်ဟုလည်း ဒေါ်ခင်အေးက ယခုလို ဆက်လက်ပြောပြသည်။

“သူတို့သတ်မှတ်တာကတော့ ၂၀၀၄ ဇူလိုင် ၂၃ ကနေ စပြီးတော့ ၁၀ (က) တိုးတာ။ ဘယ်လိုသတ်မှတ်လဲတော့မသိဘူး။ နောက်တခါ စက်တင်ဘာ ၁၉ ရက်နေ့ကျ တခါလာဖတ်ပြတယ်တဲ့။ ၂၀ ရက်နေ့ကစပြီး နောက်ထပ် ရက် ၆၀။ ဒါကတော့ သူတို့က တိုးချင်သလောက်တိုးတာပါ။ အရင်လူတွေတုန်းကဆိုရင် တနှစ်တိုးလိုက်၊ ၃ လတိုးလိုက် စသဖြင့်ပေါ့။ သူက အရင်တုန်းက

လည်း ဘာမှမဖြစ်ခဲ့ဘူး၊ ခုမှဖြစ်တယ်ဆိုတော့ ရောဂါဖြစ်ရင်လည်း မခံစားရဖူးတော့ ပိုစိတ်ညစ်တာပေါ့။ ၇ နှစ်ဆိုတော့ အိမ်မှာပဲ နွေးနွေးထွေးထွေးလေး နေချင်တာပေါ့။ကျန်းမာရေးကလည်း မကောင်းဘူး။ အသက်ကလည်း ကြီးနေပြီဆိုတော့ မျှော်လင့်တာပေါ့။”

ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကို အခြားခေါင်းဆောင် ၇ ဦးနှင့် အတူ ၁၉၉၇ ခုနှစ်က ဖမ်းဆီးခဲ့ပြီး ထောင် ၇ နှစ် ချမှတ်ခဲ့သည်။ အဆိုပါထောင်ဒဏ်မှာ ပြီးခဲ့သည့် ဇူလိုင်လက ပြည့်သွားပြီဖြစ်သော်လည်း အာဏာပိုင်တို့က ပြန်လွှတ်မပေးပဲ ပုဒ်မ ၁၀ (က) နှင့် ဆက်လက်ဖမ်းဆီး ထားခြင်းဖြစ်သည်။ ဤသည်ကိုမကျေနပ်၍ စက်တင်ဘာလ ၂၀ ရက်နေ့က ဒေါက်တာသန်းငြိမ်း စတင်အစာငတ်ခံဆန္ဒပြခဲ့ပြီး ထို့နောက် အင်းစိန်ထောင်မှ သာယာဝတီထောင်ကို ပြောင်းရွှေ့ခံခဲ့ရသည်။ သာယာဝတီထောင်၌ရှိနေစဉ်ကျန်းမာရေးအခြေအနေ ပိုဆိုးလာ၍ ပြီးခဲ့သည့်လ ၂၆ ရက်နေ့က ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်သို့ ပြန်ပို့ပေးခဲ့ခြင်းဖြစ်သည်။ အစသို့

## ကုလ ညီလာခံစတင်သည့်နေ့က ဖမ်းဆီးခံရသူ ၂ ဦးအတွက် စိုးရိမ်မိကြောင်း အဖွဲ့ချုပ်က ပြောဆို

*၄၊ အောက်တိုဘာ၊ ၂၀၀၄*

ကုလသမဂ္ဂက နအဖစစ်အစိုးရကို ထိရောက်စွာအရေးယူပေးရန် တကိုယ်တော်ဆန္ဒပြတောင်းဆိုမှုဖြင့် ဖမ်းဆီးခံလိုက်ရသူ ဦးအုန်းသန်းအပါအဝင် ၎င်းနှင့် တရက်တည်း ထပ်မံအဖမ်းခံလိုက်ရသည့် အဖွဲ့ချုပ် စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌဦးသက်ဝင်း (ခေါ်) ကိုပေါက်စတို့နှစ်ဦး၏ အခြေအနေကို ယခုချိန်ထိ ဘာမျှ သတင်းအစအနမရပဲဖြစ်နေ၍ အထူးစိုးရိမ်မိကြောင်း အဖွဲ့ချုပ်က ယနေ့ပြောဆိုလိုက်သည်။

၎င်းတို့နှစ်ဦးကို စက်တင်ဘာလ ၂၁ရက် ကုလသမဂ္ဂအထွေထွေညီလာခံစတင်သည့်နေ့က ဖမ်းဆီးခဲ့သောကြောင့် ယခုသီတင်းနှစ်ပတ် ကြာနေပြီဖြစ်သည်။ တကိုယ်တော်ဆန္ဒပြခဲ့သူ ဦးအုန်းသန်းမှာ အဖွဲ့ချုပ်ပါတီဝင် မဟုတ်သော်လည်း ဒီမိုကရေစီအရေးတောင်းဆိုရင်း ဖမ်းဆီးခံခဲ့ရသူဖြစ်သောကြောင့် အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့က ရှေ့နေလိုက်ပေးရန် ပြင်ဆင်နေသည်ဟုလည်း သိရသည်။ သို့သော်လည်း မည်သည့်နေရာတွင် ဖမ်းထားမှန်း မသိရ၍ အခက်အခဲဖြစ်နေသည်ဟုလည်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ယခုလို ရှင်းပြသည်။

“ကိုယ့်အဖွဲ့က မဟုတ်ပေမယ့် ဒီမိုကရေစီလှုပ်ရှားမှုမို့လို့ သူတို့ဘက်က အကူအညီတောင်းရင် ဥပဒေပိုင်းဆိုင်ရာက ခုခံကာကွယ်ဖို့ ရှေ့နေတွေလိုက်ပေးရတာပေါ့လေ။ ဒီက အကူအညီပေးချင်တာတောင် သူ့ Dependent တွေက မတွေ့ဝံ့ဘူးဖြစ်နေတယ်။ သူ့မိသားစုက ကစဉ့်ကလျားဖြစ်နေတဲ့သဘောရှိတယ်။ သို့သော်လည်း သူကတောင်းဆိုထားတဲ့အတိုင်း ဥပဒေအရ အကာအကွယ်ပေးတဲ့ဟာတွေ အဆင့်ဆင့်လုပ်နေတာပေါ့။ ကိုပေါက်စကတော့ အဆက်အသွယ်ကိုမရဘူး။ ဘယ်နေရာရောက်နေလို့ ဘာတွေဖြစ်နေမှန်းလည်းမသိဘူး။ သူတို့ခေါ်ထားတယ်ဆိုတာလည်း လာမပြောဘူး။ ဘာမှကိုမပြောတော့ အလုပ်လုပ်ရတာခက်တယ်။”

ပြီးခဲ့သည့်လများအတွင်း အဖွဲ့ချုပ်ပါတီဝင်များ အဖမ်းခံရလျှင် မည်သည့်အတွက်ကြောင့်ဖမ်းသည် မည်သည့်နေရာတွင်ရှိသည်ကို စစ်ထောက်လှမ်းရေးက အကြမ်းဖျဉ်း အကြောင်းကြားလေ့ရှိခဲ့ပြီး ယခုတကြိမ်၌ ဘာမျှ အကြောင်းမကြားသည့်အတွက် ထိုကိစ္စအပေါ် ပိုပြီးစိုးရိမ်နေရသည်ဟုလည်း ဦးလွင်က ပြောကြားသွားခဲ့သည်။ အစသို့

## မအူပင် နည်းပညာကောလိပ်ကျောင်းသားတဦးနှင့် ဆက်သွယ်မေးမြန်းချက်

*၄၊ အောက်တိုဘာ၊ ၂၀၀၄*

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဖိအားပေးမှုကြောင့် မအူပင်မြို့ နည်းပညာကောလိပ်က ကျောင်းသား ၄ဦးကို အာဏာပိုင်တို့က ထောင် ၂ နှစ်ခွဲစီ ချမှတ်ထားခဲ့ရာ နည်းပညာကောလိပ်က ကျောင်းသားတဦးကို ဆက်သွယ်မေးမြန်းခွင့်ရခဲ့သည်။

အဆိုပါကျောင်းသား၏ အပြောအရ ပြီးခဲ့သည့်လ ၁၈ ရက်၊ စနေနေ့ညနေပိုင်းမှာ အဆောင်ဘေးမှ လမ်းလျှောက်ပြန်လာသည့် အမျိုးသမီးတဦးကို ကျောင်းသား ၂ ဦးက လူငယ်သဘာဝ နောက်ပြောင်ခဲ့သည်ဟု ဆိုသည်။ မိန်းကလေးက ပြန်ရန်တွေ့သောကြောင့် တဖက်နဲ့တဖက် စကားများခဲ့ပြီး ကျောင်းသားများဘက်က ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းမျိုး လုံးဝမရှိခဲ့ကြောင်း ၎င်းကပြောဆိုသည်။ သို့သော်လည်း မိန်းကလေးက မယကဥက္ကဋ္ဌကတော် ဦးဆောင်သည့် အမျိုးသမီးရေးရာကို တိုင်ကြားခဲ့သောကြောင့် နောက်တနေ့၌ ရန်ဖြစ်သည့် ကျောင်းသား ၂ ဦးကိုသာမက ဘေးကရပ်ကြည့်သူ အဖော်နှစ်ဦးကိုပါ ဖမ်းဆီးသွားသည်။ စနေနေ့က ပြဿနာဖြစ်၊ တနင်္ဂနွေနေ့တွင် လာဖမ်းပြီး နောက်တရက် တနင်္လာနေ့ ည ၇ နာရီတွင် ချက်ချင်းထောင်ချလိုက်ခြင်း ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ထို့ကြောင့် ကျောင်းသားထုတရပ်လုံး မကျေမနပ်ဖြစ်နေကြောင်း ယခုလို ပြောပြသည်။

"ဒီကိစ္စက ဘာမှမဟုတ်ဘူး။ ကောင်မလေးက အမျိုးသမီးရေးရာကိုတိုင်တယ်။ သူတို့က ကျောင်းသားတွေကိုဖမ်းပြီး ချက်ချင်းအမိန့်ချဖို့လုပ်တယ်။ ည ၇ နာရီခွဲမှာ အမိန့်ချတယ်။ လုပ်ထုံးလုပ်နည်းနဲ့လုပ်တာမဟုတ်ဘူး။ ကျောင်းသားတွေက မကျေနပ်ကြဘူး။ ပထမတော့ ကျောင်းကလူတွေက ထောင်ဝင်စာတွေသွားတွေ့တယ်။ သူတို့က လက်မခံဘူး။"

ယခုလောလောဆယ် ကျောင်းသား၄ဦးကို မအူပင်ထောင်၌ ချုပ်နှောင်ထားသည်ဟုလည်း ၎င်းကပြော ဆိုသည်။ သာမန်ကိစ္စလေးကို ပုံကြီးချဲ့ပြီး ယခုလိုထောင်ချလိုက်၍ အဆိုပါ ကျောင်းသား၄ဦး ထိခိုက်နစ်နာရပုံကိုလည်း ၎င်းက ဆက်လက်ပြောပြသည်။

"စာမေးပွဲဖြေဖို့က တလပဲလိုတော့တယ်။ ၁၁ လပိုင်း ၁ရက်နေ့မှာ စာမေးပွဲဖြေရတော့မှာ။ ကျောင်းအုပ်ကြီးကလည်း ဝန်ကြီးဌာနကိုပြောပေါ့။ ပြောလို့ရရင် သူလုပ်ပေးမယ်ပေါ့။ ကျနော်တို့မှာက မိဘနဲ့ခွဲပြီး ကျောင်းသွားတက်ရတာကိုး။ မိဘက ပေးရတဲ့စရိတ်က အနည်းဆုံးအောက်ထစ် လေးငါးသောင်းရှိတယ်။ ကျောင်းသားတွေကတော့ ဒီကိစ္စကို မကျေနပ်ဘူး။ ကျနော်တို့ရင်းနှီးမှုတွေက အများကြီးပဲ။ ကျောင်းထုတ်တယ်ဆိုရင်တောင် တော်တော်လွန်လှပြီ။ ခုက ထောင်ပါချပစ်လိုက်တယ် ဆိုတော့ သူတို့အတွက် တော်တော်ထိခိုက်တယ်။ ထပြီးပြဿနာရှာရင် သူတို့က မညှာမတာလုပ်မယ့်စိတ်ကူးရှိပုံရတယ်။ တခုခုဖြစ်တိုင်း စစ်ထောက်လှမ်းရေးကလာပြီး ဆယ်လူလာဖုန်းတကားကားနဲ့။"

တရားရုံးတွင် ဖတ်ပြသည့်အမိန့်အရ ကျောင်းသားများကို ပုဒ်မ ၃၅၄ ကာအိန္ဒြေပျက်စီးမှု၊ ပုဒ်မ ၃၂၁ ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် ပုဒ်မ ၅၄၄ ပူးပေါင်းကြံစည်မှုတွေနဲ့ စွဲချက်တင်ခဲ့သည်ဟုလည်း ၎င်းကပြောပြသည်။

လူငယ်သဘာဝ သာမန်ဖြစ်ရိုးဖြစ်စဉ်လေးတခုကို အာဏာပိုင်များက ယခုလိုပုံကြီးချဲ့ထောင်ချလိုက်သည့်အပေါ် ရှေ့နေကြီး နိုင်ငွေရကို မေးမြန်းကြည့်ရာ။

ဒီဗွီဘီ — သတင်းတွေထဲမှာ အန်ကယ်လည်း ကြားလိုက်မှာပေါ့။ ဒီကိစ္စအပေါ် ဥပဒေကြောင်းအရ ဘယ်လိုမြင်ပါသလဲ။

နိုင်ငွေရ — ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၄ မှာ မိန်းမတွေရဲ့ကာအိန္ဒြေကို ကိုယ်ထိလက်ရောက်ကျူးလွန်ရမယ်၊ ရာဇဝတ်မှုမကင်းတဲ့ အနိုင်ထက်ပြုရမယ်လို့ ပြဌာန်းထားပါတယ်။ ပြစ်ဒဏ်က ၂ နှစ်ထိ (ဒါမှမဟုတ်) ငွေဒဏ်ဖြစ်စေ ချမှတ်ရမယ်လို့ ဥပဒေက ပြဌာန်းထားပါတယ်။ ၃၂၁ ဆိုတာ မိန်းကလေးတယောက်ကို အလိုအလျောက် နာကျင်စေမယ်ဆိုရင် ၃၂၁ ထဲ အကြုံးဝင်တယ်ပေါ့။ ဒီလူငယ်ကျောင်းသားလေးတွေက လူငယ်ဘာသာသဘာဝ စတာနောက်တာဆိုရင် ကလေးတွေကို ထောင် ၂ နှစ်ခွဲထိ ချမှတ်တာကတော့ ပြင်းထန်လွန်းပါတယ်။

ဒီဗွီဘီ — အနည်းဆုံး ဘယ်လိုပြစ်ဒဏ်မျိုးပဲပေးသင့်တယ်လို့မြင်ပါသလဲ။ အန်ကယ်လိုက်ခဲ့တဲ့အမှုတွေထဲမှာရော ဒီလိုအလားတူအမှုမျိုး ရှိခဲ့ဖူးပါသလား။

နိုင်ငွေရ — လူငယ်ဘာသာသဘာဝ ဖြစ်တဲ့ကိစ္စမှာ မြန်မာ့ဓလေ့တွေရှိပါတယ်။ ကြီးတဲ့အမှုကို ငယ်စေ၊ ငယ်တဲ့အမှုကို ပပျောက်စေဆိုတာ။ ၄ လပိုင်း ၅ လပိုင်းတုန်းကလည်း ဒဂုံတက္ကသိုလ်မှာ အဲလိုအမှုမျိုး ဖြစ်ခဲ့ဖူးတယ်။ ကျောင်းသား ၁၉ ယောက် ခွဲပြီးတရားစွဲတယ်။ ကျောင်းသားတွေက မွေးနေ့လုပ်တာကို နေ့ခင်းပိုင်း ဘီယာသောက်ပြီးတော့ ကျောင်းခန်းထဲဝင်တော့ မှန်ဘီဒိုတွေရိုက်ခွဲတယ်။ သူတို့ကို အင်းစိန်ထောင်မှာ အထူးခုံရုံးနဲ့ စစ်ဆေးတယ်။ အန်ကယ်က တယောက်ကိုလိုက်တယ်။ သူတို့ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေ ပုဒ်မ (၆၁) နဲ့ စွဲတယ်။ ဒီ (၆၁) မှာ ထောင်ဒဏ်အမြင့်ဆုံး ၇ နှစ်ထိ ချမှတ်နိုင်တယ်။ အန်ကယ်တို့ လိုက်ပြီးတော့ ရုံးတော်ကိုလည်း လူငယ်တွေဖြစ်တယ်၊ ကျောင်းပစ္စည်းကိုခွဲတာမဟုတ်ပါဘူးလို့။ အပြစ်ပေးတဲ့အခါကျတော့ ပြုပြင်တဲ့မှုနဲ့အပြစ်ပေးပါဆိုတော့ ရုံးတော်ကနေ သူတို့ကို ထောင်ဒဏ် ၆ လပဲ အမိန့်ချတယ်။ ဒီလူငယ်ကျောင်းသားလေးတွေဟာ လူငယ်ဘာသာသဘာဝ စတာနောက်တာဆိုရင် ကလေးတွေကို ထောင် ၂ နှစ်ခွဲထိချမှတ်တာက ပြင်းထန်တယ်။

နည်းပညာကောလိပ်ကျောင်းသားများက အမျိုးသမီးရေးရာအဖွဲ့သည် အမှန်တကယ်လုပ်ရမည့် အလုပ်များကို မလုပ်ပဲ မလိုလားအပ်သည့်ကိစ္စများတွင် ဝင်ရှုပ်ခြင်းဖြစ်ကြောင်း ကျောင်းသားများက ဆိုသည်။ အမျိုးသမီးရေးရာအဖွဲ့ လုပ်သင့်သည်များနှင့် ပတ်သက်၍ WLB (ခေါ်) အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ နန်းဆိုင်နှောင်းကို မေးမြန်းခဲ့သည်။

"အမျိုးသမီးရေးရာအဖွဲ့အနေနဲ့ လုပ်သင့်တာတွေကတော့ အများကြီးပဲရှိပါတယ်။ ဥပမာ … အမျိုးသမီးတွေ အကြမ်းဖက်ခံရတဲ့ကိစ္စပေါ့။ အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာဖြစ်နေတဲ့ နအဖစစ်တပ်ရဲ့ကျူးလွန်မှုတွေ၊ တခြား အမျိုးသမီးတွေအပေါ်မှာ အကြမ်းဖက်မှုအမျိုးမျိုးကျူးလွန်နေတာတွေကို အသေအချာ document လုပ်ထားတာတွေရှိတယ်။ အဲဒါတွေကို ဘာတခွန်းမှမပြောသေးဘူး။ နောက်ပြီး စီးပွားရေးချွတ်ခြုံကျတဲ့အတွက် မြန်မာနိုင်ငံက ပြည်သူတွေဟာ နယ်စပ်ဒေသကို ရောက်လာကြတယ်။ အဲဒီအထဲမှာ ၅၀% လောက်ရှိတဲ့ အမျိုးသမီးတွေဟာလည်းပဲ သူတို့နည်းသူတို့ဟန်နဲ့ အလုပ်တွေရှာရင်းနဲ့ အရောင်းစားခံရတာတွေရှိမယ်၊ လိင်လုပ်ငန်းတွေမှာ ဝင်ရောက်လာရတဲ့အခြေအနေတွေကို ခွင့်ပြုထားတာပဲ။ အဲတော့

အမျိုးသမီးရေးရာအဖွဲ့ကလည်း တကယ့် အမျိုးသမီးရေးရာစစ်မှန်တဲ့လုပ်ငန်းတွေ လုပ်ပေးရမှာပဲ။ တကယ်တမ်းမှာ ဘာမှ ထိရောက်တဲ့ လုပ်ငန်းတွေလုပ်တာမရှိပါဘူး။"

မအူပင်မြို့နယ် မယကဥက္ကဋ္ဌကတော် ဦးဆောင်သည့် အမျိုးသမီးရေးရာအဖွဲ့၏ဖိအားပေးမှုကြောင့် နည်းပညာကောလိပ် ကျောင်းသားများဖြစ်ကြသည့် အောင်ကိုကိုဝင်း၊ ဝဏ္ဏအောင်၊ ပြည့်ဖြိုးဝင်းနှင့် ဝင်းကိုကိုတို့ ၄ ဦးကို အာဏာပိုင်တို့က ထောင်ချ လိုက်သည့်အပေါ် သုံးသပ်တင်ပြခဲ့ခြင်းဖြစ်သည်။ အစသို့

## နိုင်ငံရေးအကျဉ်းသားများနှင့် ပြင်ပရှိမိသားစုတို့၏ ဖိနှိပ်ခံရမှုများ

*၅၊ အောက်တိုဘာ၊ ၂၀၀၄*

နအဖအကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသား ၁၄၀၀ ကျော်ထဲက ၁၀၀ ကျော်ကျန်းမာရေး အခြေအနေ ဆိုးရွားနေ ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (အေအေပီပီ) က ယနေ့ သတင်းထုတ်ပြန်လိုက်သည်။ လွန်ခဲ့သည့်မတ်လက ကျန်းမာရေးဆိုးရွားနေသူ ၅၀ ကျော်သာရှိရာမှ ယခု ၆ လအကြာတွင် ၁၀၀ ကျော်အထိ တိုးလာ၍ အထူးစိုးရိမ်ဖွယ်ဖြစ်နေသည်ဟုလည်း အေအေပီပီကြေညာချက်၌ ဖော်ပြထားသည်။

ထို့ပြင် နအဖအကျဉ်းထောင်များထဲ၌ မတရားဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများသာမက အပြင်၌ ကျန်ရှိ နေသည့် မိသားစုဝင်တို့မှာလည်း စစ်အစိုးရ၏ဖိနှိပ်မှုများကြောင့် စိတ်ပိုင်းရုပ်ပိုင်းဝေဒနာများကို ပြင်းပြင်းထန်ထန်ခံစားနေရပြီး အသက်ဆုံးရှုံးရသည့်အခြေအနေနှင့် ကြုံတွေ့နေရသည်။

မန္တလေးထောင်၌ နှစ်ရှည်ထောင်ချခံထားရသည့် ကိုနေလင်းစိုး၏မိခင်၊ နိုင်ငံရေးအကျဉ်းသားဟောင်း ဦးစံဝင်း၏ဇနီး ဒေါ်တင်ကြည်မှာ နှစ်ရှည်လများ စိတ်ဝေဒနာခံစားနေရပြီးနောက်ပိုင်း မနေ့ကပင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။ ထို ကိစ္စနှင့်ပတ်သက်ပြီး ဦးစံဝင်းကို ဆက်သွယ်မေးမြန်းရာ စစ်အစိုးရ၏ဖိနှိပ်မှုများကြောင့် ဇနီးသည်၏ နောက်ဆုံးခရီး၌ သားတကွဲ သမီးတကွဲဖြစ်ရပုံကို ဦးစံဝင်းက ယခုလိုစတင်ပြောပြသည်။

"၄ ရက်နေ့ည ၇ နာရီ ၄၃ မိနစ်မှာ ဆုံးသွားပါတယ်။ ဒီနေ့ ၁၁ နာရီမှာကျနော် သင်္ဂြိုလ်လိုက်ပါတယ်။ စောင့်စရာလူလည်း မရှိပါဘူး။ (ကြေကွဲသံ ရှိုက်သံဖြင့်) သူ့ဆွေမျိုးသားချင်းအရင်းအခြာတွေက မလာနိုင်ကြဘူး။ သားတယောက်က မန္တလေးထောင် မှာ ထောင်ကျနေတာပါ။ ထောင်ဒဏ် ၁၄ နှစ်နဲ့။ အဲဒါ သားအကြီးဆုံးပေါ့။ နောက်တယောက်ကလည်း တော်တော်ဝေးကွာနေ တဲ့နေရာမှာ ရောက်ရှိနေလို့ သူလည်း ပြန်လာနိုင်မယ့်အ ခြေအနေမရှိပါဘူး။ ဒါကြောင့်ကျနော် ၁၁ နာရီမှာပဲ ဆုံးဖြတ်ပြီး သင်္ဂြိုလ်လိုက်ပါတယ်။"

နိုင်ငံရေးလှုပ်ရှားမှုကြောင့် ၈၈ နောက်ပိုင်းကစပြီး မိသားတစုလုံး တလှည့်စီ ဖမ်းဆီးခံခဲ့ရပုံကိုလည်း ဦးစံဝင်းက ယခုလို ပြောပြသည်။

"ကျနော်က ၇၄ ကတည်းက ဂုန်နီစက်ရုံက အလုပ်သမားတယောက်ပါ။ အလုပ်သမားအရေးအခင်းမှာ ပါဝင်ပတ်သက်ပြီး တော့ အလုပ်ပြုတ်ပါတယ်။ အဲဒီကနေစပြီး ကျနော့်ဇနီးဟာ ကျနော်အလုပ်မရှိခင်စပ်ကြား ခေါင်းရွက်ဗျက်ထိုးဘဝကိုရုန်းကန်ခဲ့ ရတယ်။ ၈၈ မှာကျတော့ ကျနော်တို့မိသားစု ကျနော့်ဇနီးအပါအဝင် သားကြီး နေလင်းစိုး၊ သားလတ် မင်းကျော်စိုး၊ သမီး အငယ်ဆုံး ကြည်ကြည်စိုးတို့ဟာ နိုင်ငံရေးနယ်ပယ်မှာ အပြည့်အဝ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ တာဝန်ကိုယ်စီ ထမ်းဆောင်ခဲ့ကြ ပါတယ်။ ၈၉ မှာ သားကြီး နေလင်းစိုး ထောင်ကျခဲ့ပါတယ်။ ၄ နှစ်ကြာတော့ သာယာဝတီထောင်က လွတ်လာတယ်။ ၉၈ မှာ ထပ်ပြီးအဖမ်းခံရပြီးတော့ ထောင်ဒဏ် ၁၄ နှစ် အချခံခဲ့ရပါတယ်။ သမီးအငယ်ဆုံးဆိုရင် ၈၉ မှာ အဖမ်းခံရတယ်။ အဲဒီတုန်းက သူက ၉ တန်းမှာပါ။ နောက်နှစ် ၁၀ တန်းတက်တဲ့အခါမှာ ကျနော်အဖမ်းခံရပါတယ်။"

ထိုသို့ ကိုယ်တိုင်ဖမ်းဆီးခံခဲ့ရပြီး နောက်ဆုံး ဇနီးသည်ဒေါ်တင်ကြည် ဆုံးပါးသည်အထိ ဖြစ်ခဲ့ရပုံကိုလည်း ...

"ကျနော် ထောင်ထဲမှာ ၁၀ နှစ် ၃ လ ၁၇ ရက် နေခဲ့ရပါတယ်။ ၂၀၀၁ ခု၊ မတ်လ ၂၈ ရက်နေ့မှာ ထောင်ကလွတ်လာပါ တယ်။ ပြန်ရောက်တဲ့အခါမှာကျနော့်မှာ သားကြီးလည်းမရှိဘူး။ ထောင်ထဲမှာ။ သားငယ်အကြောင်းမေးတော့ ဘယ်လိုနည်းနဲ့ ဘယ်လိုသွားလဲ မသိလိုက်ဘူး။ ခုထိ အဆက်အသွယ်မရပါဘူး။ ကျနော့်ဇနီး ဒေါ်တင်ကြည်ဆိုတာလည်း အဲဒီလို စိတ်ဝေဒနာ တွေ၊ စိတ်ခံစားမှုတွေများလွန်းပြီး စိတ်ကျရောဂါရပြီး လွန်ခဲ့တဲ့ ၅ လလောက်မှာ ဘာမှမလုပ်နိုင်တဲ့အခြေအနေမျိုး ရောက်သွား တယ်။ သူ့သမီးလေးအပေါ်မှာ အလွန်သံယောဇဉ်ရှိတဲ့အတွက် သမီးလေးကြောင့် ဘဝဆုံးရှုံးသွားရပါတယ်။"

ဦးစံဝင်းနှင့် အဆက်အသွယ်မရဖြစ်နေသည့် သမီးငယ် မကြည်ကြည်စိုးမှာ ယခု ထိုင်း- မြန်မာနယ်စပ်ကို ရောက်ရှိနေ သည်ဟုလည်း သိရသည်။ ထို့ကြောင့် ကိုယ်တိုင်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်ခဲ့သည့် မကြည်ကြည်စိုးကို 'မနေ့က မိခင်ဆုံးသွားတာ ကြားပြီးပြီလား' ဟု မေးမြန်းကြည့်ရာ...

“မကြားသေးဘူးရှင်။ ဟုတ်လား။ သေချာလားအစ်မ။ … … ကျမ စိတ်တော့ မကောင်းဘူးပေါ့။ ဘယ်လိုပြောရမှန်း မသိဘူး။ ကျမမွေးလာတဲ့အချိန်ကနေစပြီး အခုချိန်ထိကျမအမေနဲ့ကျမနဲ့က မခွဲခဲ့ဖူးဘူး။ ထောင်ကျနေတဲ့အချိန်ခါလောက်ပဲ ခွဲခဲ့ဖူးတာလေ။ ကျမ တညနေလုံး စိတ်မကောင်းဖြစ်နေတယ်။ ကျမတို့ယုံကြည်မှုအတွက် လုပ်တဲ့အခါကျတော့ ဘာပဲဖြစ်ဖြစ် ဖြစ်လာတဲ့အပေါ်မှာ ခံနိုင်ရည်ရှိအောင်တော့ ကြိုးစားရမှာပေါ့။ကျမမရှိတဲ့အခါကျတော့ သူ့စိတ်က ထိခိုက်တာဖြစ်ပါလိမ့်မယ်။ အဲဒီအတွက် သူခံစားရမယ်ဆိုတာလည်းကျမ သိတော့သိပါတယ်။ ဒါပေမယ့် ကျမအနေနဲ့ကလည်း ပြည်တွင်းမှာ နေလို့မဖြစ်တဲ့အတွက် ဒီဘက်ကို ထွက်လာရတာဖြစ်ပါတယ်။”

မန္တလေးထောင်ရှိ သားကြီးကို ‘မိခင်ဆုံးတဲ့ကိစ္စ အကြောင်းကြားပြီးပါပြီလား’ဆိုတဲ့အမေးကိုတော့ ဦးစံဝင်းက ယခုလို ပြောဆိုသည်။

“ကျနော် အသိမပေးနိုင်ပါဘူးခင်ဗျာ။ကျနော့်သား နေမင်းစိုးကို ဒီကိစ္စနဲ့ပတ်သက်လို့ အသိမပေးနိုင်ပါဘူး။ အသိပေးခဲ့ရင် ကျနော့်သားပါ ထပ်ပြီးအဆုံးရှုံးခံရမယ့်အနေအထားမှာရှိပါတယ်။ သိသွားရင် suicide လုပ်သွား နိုင်တဲ့အနေအထားရှိပါတယ်။ ခုချိန်ထိကို စိတ်က မမှန်သေးပါဘူး။ သူ့မှာလည်း စိတ်ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားထားရတယ်။ မသေရုံတမယ်ပဲ ဖြစ်ခဲ့ရတဲ့ကိစ္စတွေဖြစ်ခဲ့တော့ သူ့မိခင်ဆုံးပါးသွားတာကို လုံးဝအသိမပေးနိုင်ပါဘူး။ ဘယ်လိုနည်းနဲ့မှ အသိပေးလို့မဖြစ်ပါဘူး။”

ယုံကြည်ချက်ကြောင့် စွန့်လွှတ်အနစ်နာခံနေသူများ၊ အကျဉ်းထောင်များထဲတွင် မိသားစုတကွဲတပြားနှင့် ဖမ်းဆီး နှိပ်စက်ခံခဲ့ရသူများ မြန်မာပြည်၌ အများကြီးရှိပါသည်ဟုလည်း ဦးစံဝင်းက ပြောဆိုသည်။ ထို့ကြောင့် သားဖြစ်သူ ကိုနေလင်းစိုး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန်အတွက်လည်း ဦးစံဝင်းက ယခုလိုတောင်းဆိုခဲ့သည်။

“ကျနော့်ဘဝမှာ ပြောစရာဝေါဟာရ တခါတလေ ရှာလို့မရတော့ပါဘူး။ ကျနော့်ခံစားမှု။ ဒါပေမယ့် ကျနော်တို့ မျှော်မှန်းတဲ့ပန်းတိုင် ရောက်အောင်တော့ ကြိုးကြိုးစားစားချီတက်ဖို့ အခိုင်အမာပါပဲ။ ကျနော်အပြောချင် ဆုံးစကားကတော့ ဒီကနေ့ မြန်မာနိုင်ငံတနိုင်ငံလုံးမှာရှိတဲ့ အကျဉ်းထောင်တွေထဲမှာ ရောက်ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးဟာ လူသားတွေ ဖြစ်ပါတယ်။ လူသားလူသားချင်း ညှာတာထောက်ထားတတ်ရင် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ဦးတည်နေပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်များဟာ မိမိရဲ့မိသားစုနဲ့ မိမိရဲ့သားသမီးနဲ့ ထပ်တူထပ်မျှ ကိုယ်ချင်းစာတတ်ပြီး ဗုဒ္ဓဘာသာကောင်းတယောက် ဖြစ်တယ်ဆိုရင်တော့ ဒီအခြေအနေမှာ အတော်များများကို လွှတ်ပေးသင့်တဲ့အခြေအနေရောက်နေပါပြီ။ လွှတ်ပေးဖို့လည်း တန်ပါပြီလို့ ကျနော် ယုံကြည်ပါတယ်။”

အစသို့

## အာဏာပိုင်တို့အပေါ် တရားစွဲဆိုထားမှုများ အခြေအနေ

*၇၊ အောက်တိုဘာ၊ ၂၀၀၄*

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ်က ထန်းမနိုင်နှင့် မြစ္ဆိုကျေးရွာများက နယ်မြေခံအာဏာပိုင်များကို မြို့နယ်တရားရုံး၌ တိုင်ကြားထားမှုများ ယနေ့ရုံးချိန်းရက်ဟု သိရသည်။ ထို့ကြောင့် ထူးခြားမှုရှိမရှိ သိနိုင်ရန် ဒီဗွီဘီသတင်းထောက် မောင်မောင်ဟိန်းကို မေးကြည့်ခဲ့ရာ …

“ဒီကနေ့ဟာ ကော့မှူးမြို့နယ် မြစ္ဆိုရွာကအမှုရော၊ ထန်းမနိုင်ရွာကအမှုရော စစ်ဆေးရမယ့်နေ့ဖြစ်ပါတယ်။ တရားလိုပြသက်သေတွေရော၊ တရားစွဲဆိုခြင်းခံထားရတဲ့ အာဏာပိုင်တွေရော အစုံအညီတက်ရောက်ခဲ့ပေမယ့် မြို့နယ်တရားသူကြီး ဒေါ်မြမြက ခွင့် ၁၀ ရက် ယူသွားတယ်ခင်ဗျ။ ထန်းမနိုင်ရွာကအမှုကို ၂၀ ရက်နေ့မှာ ချိန်းတယ်။ မြစ္ဆိုရွာအမှုကို ၂၁ ရက်နေ့မှာ ချိန်းတယ်။”

ဒီဗွီဘီ — ဒီအမှုကို တရားရုံးက အခုလိုပဲ ရုံးချိန်းရက်တွေ ခဏခဏရွှေ့နေတယ်ဆိုတော့ တဖက်မှာ တရားလိုပြသက်သေ လိုက်ပေးနေသူတွေကို အာဏာပိုင်တွေက တဖက်လှည့်ပြီး ဖိအားပေးခြိမ်းခြောက်တာမျိုးတွေ၊ စည်းရုံးတာမျိုးတွေ မရှိနိုင်ဘူးလား။ ဘယ်လိုကြားရပါသလဲ။

မောင်မောင်ဟိန်း — ထူးခြားတာက အာဏာပိုင် ရယကတွေက တရားလိုပြသက်သေတွေကို လိုက်စည်းရုံးနေတယ်။ သက်သေမလိုက်ဖို့ရယ်၊ အမှုကို လိမ်ညာထွက်ဆိုပေးဖို့ရယ် လိုက်စည်းရုံးတယ်။ ဒါပေမယ့် တရားလိုပြသက်သေတွေကို စည်းရုံးလို့ မရတဲ့အပြင် ကော့မှူးမြို့နယ်မှာ တခြားကျေးရွာတွေက ရွာသားတွေက သူတို့ရွာမှာလည်းပဲ အဓမ္မလုပ်အားပေးခိုင်းစေမှုကို ခံထားရတဲ့အတွက် ခိုင်းစေခဲ့တဲ့ ရယကဥက္ကဋ္ဌတွေကို ထပ်ပြီးတော့ တရားစွဲဆိုဖို့ပြင်ဆင်နေတယ်လို့ ဒေသခံရွာသားတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

ဒီဗွီဘီ — အမှုကို အပြီးသတ်မစစ်ပဲနဲ့ ဒီလိုအချိန်ဆွဲနေတဲ့အပေါ်မှာရော တရားလိုတွေနဲ့ ဒေသခံတွေက ဘယ်လိုပြောနေကြပါသလဲ။

မောင်မောင်ဟိန်း — ဒေသခံတွေကတော့ မကျေနပ်ကြဘူးလေ။ နိုင်ငံရေးနဲ့ပတ်သက်တဲ့အမှုတွေဆို ချက်ချင်းစစ်၊ ချက်ချင်းအမိန့်ချမှတ်တာမျိုးတွေရှိခဲ့သလို အခုလို အခမဲ့လုပ်အားပေးခိုင်းစေတဲ့အမှုကျတော့မှ (ထန်းမနိုင်ရွာကအမှုဆိုရင် အတော်လေးကိုကြာနေပြီ။ မြစ်နှီးရွာကအမှုဆိုရင်လည်း လိုပြသက်သေတွေကို စစ်ခါနီးကျမှ အမျိုးမျိုးချိန်းဆိုတဲ့အတွက်) ဒေသခံတွေအမြင်ကတော့ ဒီအမှုတွေနဲ့ပတ်သက်ပြီး ကိုင်တွယ်ဖို့၊ စစ်ဆေးဖို့၊ အမိန့်ချဖို့ အတော်ဝန်လေးနေကြပုံရတယ်လို့ ပြောဆိုနေကြပါတယ်။ အစသို့

## ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရန် အေအိုင်အဖွဲ့က တောင်းဆို

*၈၊ အောက်တိုဘာ၊ ၂၀၀၄*

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အေအိုင်) ကလည်း နအဖအကျဉ်းထောင်အတွင်း မတရား ဖမ်းဆီးခံထားရသည့် သတင်းစာဆရာကြီး ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန် လွှတ်ပေးရန် စစ်အစိုးရကို ယနေ့တောင်းဆိုလိုက်သည်။

ဦးဝင်းတင်အပါအဝင် နိုင်ငံရေးအကျဉ်းသား ၁၄၀၀ ကျော် နအဖအကျဉ်းထောင်များအတွင်း ဖမ်းဆီးခံထားရသည့်ကိစ္စ အီးယူနှင့်အာဆီယံခေါင်းဆောင်များကို အသိပေးလို၍ ယခုလိုတောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း စကော့တလန်အခြေစိုက် အေအိုင်ဌာနခွဲ တာဝန်ခံက ပြောဆိုသည်။ ယနေ့ဆိုလျှင် အကျယ် ၉ မီတာ၊ အမြင့် ၁၀ မီတာရှိ ဦးဝင်းတင်၏ပုံတူ နဖူးစီးပိတ်စကြီးကို အီဒင်ဗာ့ဂ်မြို့၊ ပရင့်စွက်စတြိတ်တွင် လူအများ မြင်သာအောင် ချိတ်ဆွဲထားသည်ဟုဆိုသည်။ ထို့ပြင် ဦးဝင်းတင်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုထားသည့် ပို့စကဒ်ပေါင်း ၆၅၀၀ ကို နိုင်ငံတကာ အီဒင်ဗာ့ဂ်ပွဲတော်၌ ဖြန့်ဝေသွားဖို့ စီစဉ်ထားကြောင်း စကော့တလန်အခြေစိုက် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ထုတ်ပြန်ချက်အရ သိရှိရသည်။ အစသို့

## မုံရွာမြို့မှ အဖွဲ့ချုပ်ဝင်လူငယ်တဦးအား ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ဖမ်းဆီးထား

*၉၊ အောက်တိုဘာ၊ ၂၀၀၄*

စစ်ကိုင်းတိုင်းမုံရွာမြို့က အဖွဲ့ချုပ်ဝင်လူငယ် ကိုညွန့်အောင်ကို အာဏာပိုင်တို့က ရုံးတင်စစ်ဆေးခြင်းမရှိပဲ ဖမ်းဆီး ထားကြောင်း သိရသည်။

စက်တင်ဘာ ၂၃ နှင့် ယခုလ ၅ ရက်နေ့များက ရုံးထုတ်စစ်ဆေးရန် သတ်မှတ်ခဲ့သော်လည်း တရားလိုပြ သက်သေ မြို့နယ်ပညာရေးမှူး ရောက်မလာသည့်အတွက် လာမည့် ၁၁ ရက်နေ့ကို ထပ်မံရက်ရွှေ့လိုက်ကြောင်း သိရသည်။

တရားလိုပြသက်သေ မြို့နယ်ပညာရေးမှူးမှာ ပြီးခဲ့သည့် ၁၀ တန်းစာမေးပွဲ မေးခွန်းပေါက်ကြားမှုဖြင့် မန္တလေးတိုင်း၊ မတ္တရာမြို့ကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေရသောကြောင့် လာရောက်ရန် ပျက်ကွက်ခဲ့သည်ဟု ဆိုသည်။

ကိုညွန့်အောင်မှာ မုံရွာမြို့က အဖွဲ့ချုပ်လူငယ်ခေါင်းဆောင်တဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေး လက်မှတ်ရေးထိုးသည့်ကိစ္စကို တက်တက်ကြွကြွဆောင်ရွက်နေသူ ဖြစ်သည်။ ထို့ကြောင့်လည်း တရားဝင် မှတ်ပုံတင်ဖြင့်ဖွင့်လှစ်ထားသည့် အထူးသင်တန်းကျောင်းများတွင် စာလိုက်သင်နေသည့်ကိစ္စကို အကြောင်းပြုပြီး လိုင်စင်မဲ့ကျူရှင်ပြသည်ဟု စွပ်စွဲချက်ဖြင့် နယ်မြေခံထောက်လှမ်းရေးက စက်တင်ဘာလ အစောပိုင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အစသို့

## မအူပင်နည်းပညာကောလိပ်မှ ကျောင်းသား ၄ ဦး ပြန်လည်လွှတ်မြောက်

*၉၊ အောက်တိုဘာ၊ ၂၀၀၄*

မအူပင် နည်းပညာကောလိပ်က ကျောင်းသား ၄ ဦး ထောင်နှစ်ရှည်ကျခံရမှုကို ကျောင်းသားတွေက မကျေမနပ် ကန့်ကွက်ကြသည့်အတွက် နောက်ဆုံး၌ ထောင်ဒဏ် တလသာချပြီး ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။

၎င်းတို့ ၄ ဦးကို ပြီးခဲ့သည့်လ ၁၁ ရက်နေ့က ဖမ်းဆီးခဲ့ပြီး အကြောင်းပြသည့်ပြစ်မှုမှာ ကျောင်းဝင်းအနီး ကွမ်းယာရောင်းနေသည့် အမျိုးသမီးငယ်ကို နောက်ပြောင်မှုဖြစ်သည်။ ထိုအမှုကို မအူပင်အမျိုးသမီးရေးရာအဖွဲ့က ပုံကြီးချဲ့ စွဲချက်တင်ရာ မအူပင်တရားရုံးက နေ့ချင်းပြီး တရားစစ်ဆေး၍ ကျောင်းသား ၄ ဦးကို ထောင် ၂ နှစ်ခွဲစီ အပြစ်ပေးခဲ့သည်။ ထိုသို့ အသေးအမွှားအမှုလေးကို ထောင်၂ နှစ်ခွဲပြစ်ဒဏ်ပေးသည့်အပေါ် မကျေနပ်၍ ကျောင်းသားများ ဆန္ဒပြရာက ပြစ်ဒဏ်လျှော့ပေးလိုက်သည်ဟု မအူပင်မြို့မှ ကျောင်းသားတဦးက ယခုလိုပြောပြသည်။

“ဥပဒေအရာရှိတွေလည်း မပါဘူး။ သူတို့ဖာသူတို့ အမိန့်ချလိုက်တာ။ အဲဒါမျိုးတွေ တော်တော်ဆိုးတယ်။ အမိန့်ချလိုက်တော့ ကျောင်းသားတွေက မကျေနပ်ဘူး။ တရားရုံးက မှန်တွေ ရိုက်ခွဲတယ်။ အယူခံပေးမယ်ဆိုပြီး ပေးလိုက်တာ။ အယူခံပေးတယ် ဆိုတာကလည်း အမှုကို လိုချင်တဲ့ပုံစံအတိုင်း ၂ နှစ် ၆ လအထိ ချပစ်လိုက်တယ်။ ကျောင်းသားဘက်က ငြိမ်မနေပဲနဲ့ အုံကြွလာတဲ့အချိန်မှာ (သူတို့မှာ ဥပဒေမရှိဘူး၊ အထက်က ဒါလုပ်ဆို လုပ်၊ မလုပ်တော့ဘူးဆိုရင် ဥပဒေပုဒ်မတွေ ပြန်ပြောင်း။

ပုဒ်မတွေက တခါကျရင် တလွဲတွေ။ ဘယ်လိုဆွဲချ လိုက်လဲမသိဘူး။) အားလုံး တလကျတယ်။ သူတို့ဟာသူတို့ လုပ်ချင်သလို လုပ်တာ။"

ပြဿနာဖြစ်ပြီး နောက်တနေ့တွင် နယ်မြေခံထောက်လှမ်းရေး၏ ဖိအားပေးမှုကြောင့် ကျောင်းသား ၄ ဦးကို ချက်ချင်း ကျောင်းထုတ်ပစ်ခဲ့သည်ဟု သိရသည်။ ထို့နောက် နည်းပညာကောလိပ် ကျောင်းသားအားလုံးကို စစ်ထောက်လှမ်းရေးက မျက်ခြည်မပြတ် စောင့်ကြည့်နေကြောင်းလည်း အဆိုပါကျောင်းသားက မကျေမနပ်ဖြင့် ယခုလို ဆက်လက်ပြောပြသည်။

"၁၁ရက်နေ့မှာဖြစ်တာ။ ၁၂ရက်နေ့မှာ ကျောင်းထုတ်တာ။ အမှန်က ဘယ်သူ့ကို ဘာကိစ္စနဲ့ပဲဖြစ်ဖြစ် ကျောင်းထုတ်ရင် ရုံးကိုဘုတ်မှာ ကြေညာတယ်။ အဲဒါကို လုံးဝမကြေညာဘူး။ သူတို့ဟာသူတို့ ကျောင်းသားမိဘတွေဆီကို ကျောင်းထုတ်လိုက်ပြီ ဆိုတဲ့အကြောင်း စာတွေပေးတယ်။ အဲဒီစာကိုကျနော်တို့ဖတ်ကြည့်တော့ နယ်မြေခံ ထောက်လှမ်းရေးတို့ပါ ပါတယ်။ ကျနော်တို့ ကျောင်းသား ကျောင်းထုတ်တာ သူတို့နဲ့ဘာဆိုင်လဲ။ အဲဒီစစ်ထောက်လှမ်းရေးနဲ့။ အဲဒီကောင်တွေနဲ့ ဘယ်လိုမှမပတ်သက်ဘူး။ သူတို့ပို့တဲ့စာတွေကို မိတ္တူမှာ ရုံးလက်ခံရယ်၊ ဝန်ကြီးဌာနရယ်၊ ပြီးတော့ နယ်မြေခံစစ်ထောက်လှမ်းရေး (၁) (၂) လို့ လျှောက် ရေးထားတယ်။ အမိပ္ပါယ်မရှိဘူး။ သူတို့နဲ့ကျနော်တို့နဲ့ ဘယ်လိုပတ်သက်လဲ။ ပြီးတော့ ကျနော်တို့ကိုလည်း ငြိမ်ငြိမ်သက်သက် နေဖို့ တခန်းဝင် တခန်းထွက် ဆရာတွေက လိုက်ပြောတယ်။ ညဘက်ဆိုရင် ကင်းတွေချထားတယ်။ ဆရာကင်းတွေ။ တခုခုဖြစ်ရင် ဆရာကင်းက ရှိတယ်။ အဲဒါ ထောက်လှမ်းရေးက စောင့်ခိုင်းတာ။"

ယခုလို ထောင်ဒဏ်တလထိ လျှော့ပေးခဲ့သော်လည်း ကျောင်းထုတ်ခံရသည့် အောင်ကိုကိုဝင်း၊ ဝဏ္ဏအောင်၊ ပြည့်ဖြိုးမွန်နှင့် ဝင်းကိုကိုတို့ ၄ ဦးလုံး စာမေးပွဲပြန်ဖြေခွင့်မရတော့ဘူးဟု သိရသည်။ ၎င်းတို့ ၄ ဦးလုံး အနာဂတ်ပညာရေးကို ရာသက်ပန် စွန့်လွှတ်ရဖွယ် ရှိနေသည်ဟုလည်း အဆိုပါကျောင်းသားက မကျေမနပ်ဖြင့် ဒီဗွီဘီကို ပြောကြားသွားခဲ့သည်။ အစသို့

## ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ တိုးတက်လာခြင်း မရှိသေးဟု သိရ

*၁၁၊ အောက်တိုဘာ၊ ၂၀၀၄*

ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်၌ ဆေးဝါးကုသမှုခံယူနေသည့် နိုင်ငံရေးအကျဉ်းသား ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်လာခြင်းမရှိပဲ ပြန်လွှတ်ပေးရေးကိစ္စကလည်း မရေမရာဖြစ်နေဆဲဟု သိရသည်။ ယခုဆိုလျှင် ဒေါက်တာသန်းငြိမ်း ဆေးရုံကြီးအချုပ်ဆောင်၌ ကုသမှုခံယူနေရသည်မှာ နှစ်ပတ်ကျော် ကြာခဲ့ ပြီဖြစ်သည်။ ထောင်သက်တမ်း ထပ်မံတိုးသည့်ကိစ္စ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းနေသည်များလည်း နှစ်ပတ်ကျော် ကြာခဲ့ပြီဖြစ်သည်။ သို့သော် ယခုချိန်ထိ အဖြေ ဘာမှတိတိကျကျ မသိရသေး၍ စိုးရိမ်မိကြောင်း ဇနီးသည် ဒေါ်ခင်အေးက ပြောဆိုသည်။ ထို့ပြင် ယခုလို ကျန်းမာရေးအခြေအနေဆိုးရွားနေချိန်၌ ဇနီးသည်တဦးအနေဖြင့် လွတ်လွတ်လပ်လပ် အနီးကပ်ပြုစုခွင့် မရသည့်အတွက် ပိုပြီး စိတ်မကောင်းဖြစ်မိသည်ဟုလည်း ပြောဆိုသည်။ ယနေ့ ထမင်းချိုင့်သွားပို့သည့်အခါ ဒေါက်တာသန်းငြိမ်း မျက်နှာမသာမယာ ဖြစ်နေသည်ကို တွေ့ခဲ့ရကြောင်း ဒီဗွီဘီက ဆက်သွယ်မေးမြန်းစဉ် ဒေါ်ခင်အေးက ယခုလိုပြောပြသည်။

"အန်ကယ်က မျက်နှာတော့ သိပ်မကောင်းပါဘူး။ အန်တီတို့နဲ့စကားပြောရင် အနားမှာ ထောက်လှမ်းရေးက အမြဲရှိတော့ သူလည်း စိတ်နည်းနည်းညစ်နေတဲ့ပုံ။ ပြောလို့မရဘူး၊ အနားမှာ လိုက်ရေးစောင့်နေတယ်။ အန်ကယ်က ဘာမှလည်း မပြောဘူး။"

ဒီဗွီဘီ — ကျန်းမာရေးကုသမှုအခြေအနေကရော ဘယ်လိုရှိပါသလဲ။

ဒေါ်ခင်အေး — အကြောဌာနမှာ လေ့ကျင့်ခန်းက နေ့တိုင်းလုပ်ရတယ်။ အသဲကတော့ ဒီနေ့လာကြည့်မယ်။ လိုအပ်တာ ဘာတွေပြောမလဲ အန်တီလည်းမသိလိုက်ဘူး။ နက်ဖြန်မှ သိမယ်။ နှလုံးကလည်း ၁၈ ရက်နေ့ကို ပြန်စမ်းသပ်မယ်လို့ပြောတယ်။ အစာအိမ်ကတော့ ရောင်နေတယ်။ ဒီအတွက်လည်း သူတို့ ဆေးတွေပေးပြီးအသောက်ခိုင်းနေတာပဲ။ ဆေးဝယ်သောက်နေတာ ပဲလေ။

ဒီဗွီဘီ — ပြန်လွှတ်ရေးကိစ္စ နှစ်ဖက်ဆွေးနွေးနေတာ နှစ်ပတ်ကျော်ပြီဆိုတော့ ဒီကိစ္စကိုရော အန်တီဘက်က ဘယ်လို မျှော်လင့်ထားပါသလဲ။

ဒေါ်ခင်အေး — အန်တီကတော့ မြန်မြန်ပဲ ပွဲပြတ်စေချင်ပြီပေါ့။ အန်ကယ်ကလည်း အသဲမကောင်းတာ၊ အစာအိမ် ရောင်တာ၊ ဆီးကြိတ်၊ နှလုံး၊ သွေးတိုးနဲ့ ရောဂါတွေက စုံနေပြီလေ။ အိမ်မှာ နားနားနေနေလေး သူ့ကိုပြုစုခွင့်ရရင် တော်ပြီပေါ့။ အခုက အန်တီကသွားလည်း တနေ့ကို တခေါက်ပဲဆိုတော့ ညနေကျတော့ မနက်ကပေးထားတဲ့ အစားအစာတွေပဲ စားရတယ် ဆိုတော့ သိပ်မကောင်းဘူးပေါ့။

ဒေါက်တာသန်းငြိမ်းမှာ စက်တင်ဘာလ ၂၀ရက်နေ့က အာဏာပိုင်များ၏ ပုဒ်မ ၁၀ (က) နှင့် ထောင် သက်တမ်းတိုးသည် ကို မကျေနပ်၍ အစာတော်ခံ ဆန္ဒပြခဲ့သည်။ ထိုသို့ အစာတော်ခံဆန္ဒပြမှုကြောင့်ပင် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အင်းစိန်

ထောင်မှ သာယာဝတီထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ နောက်ပိုင်း ကျန်းမာရေးအခြေအနေ ဆိုးရွားလာ၍ ရန်ကုန်ဆေးရုံကြီး အချုပ်ဆောင်ကို ပို့ဆောင်ပြီး ဆေးဝါးကုသမှုခံယူနေရသည်မှာ ယခုချိန်ထိဖြစ်သည်။ အစသို့

## ကိုဇော်သက်ထွေးနှင့် ၉ ဦးပါ အထူးအယူခံလွှာ ယနေ့ အပြီးသတ်ကြားနာစစ်ဆေး

*၁၁၊ အောက်တိုဘာ၊ ၂၀၀၄*

First Eleven အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးတို့ ၉ ဦး၏ အထူးအယူခံလွှာကို ယနေ့ တရားရုံးချုပ်က အပြီးသတ်ကြားနာစစ်ဆေးခဲ့ကြောင်း သိရသည်။ ဒုတိယတရားသူကြီးချုပ် ဗိုလ်ချုပ်သိန်းစိုးနှင့် အဖွဲ့ဝင် ၃ ဦးပါ အထူးခုံရုံးက ကြားနာခဲ့ခြင်းဖြစ်ပြီး ကိုဇော်သက်ထွေးတို့အတွက် ရှေ့နေကြီးနိုင်ငွေရက ကာကွယ်လျှောက်လဲပေးခဲ့သည်ဟု သိရသည်။ ယနေ့ ကြားနာမှုနှင့် ပတ်သက်ပြီး ရှေ့နေကြီးနိုင်ငွေရက ယခုလိုရှင်းပြသည်။

"ဒီအမှုမှာ နိုင်ယက္ခအပါအဝင် ၅ ယောက်ကိုတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂ (၁) နဲ့ ပြစ်ဒဏ်ပေးထားခြင်းဟာ မှန်ကန်မျှတမှုရှိမရှိဆိုတဲ့ အရေးယူလောက်တဲ့ဥပဒေပြဿနာတရပ်ရယ်၊ ကိုဇော်သက်ထွေးအပါအဝင် ၄ ယောက်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၃ နဲ့ ပြစ်ဒဏ်ချမှတ်တာဟာ မှန်ကန်မှုရှိမရှိဆိုတဲ့ အရေးယူလောက်တဲ့ဥပဒေပြဿနာ ၂ ရပ်ကို ဖော်ထုတ်ပြီးတော့ ဒီနေ့ကြားနာတယ်။ ကိုဇော်သက်ထွေးဟာဆိုရင် First Eleven ဂျာနယ်ရဲ့ အယ်ဒီတာချုပ်။ သူ့ကို ဦးမျိုးချစ်ကနေ First Eleven ဂျာနယ်ကိုယ်စားလှယ်ရဖို့အတွက် ကိုဇော်သက်ထွေးထံ လေးငါးခါ ကြိုးပမ်းတာပေါ့။ မရတော့ ပြည်ပမှာရှိတဲ့ လွမ်းဏီ (ခေါ်) ကျော်ကျော်ဆီကနေတဆင့် စာတစောင်ယူခဲ့တယ်။ သူဖန်တီးတယ်၊ အကွက်ဆင်တယ်ပေါ့။ ကိုဇော်သက်ထွေးဟာ ဦးမျိုးချစ်ကို ဖယ်လိုက်မယ်ဆိုရင် သူ့အပေါ်မှာ နိုင်ငံတော်ပုန်ကန်မှုကို လက်သင့်ခံတယ်၊ အားပေးတယ်၊ ကူညီတယ်ဆိုတဲ့ ပြစ်ဒဏ်ချမှတ်ခြင်းအား မှန်ကန်မျှတမှုမရှိပါဘူး။ ဒါကြောင့် တရားသေလွှတ်ဖို့ တောင်းဆိုခဲ့ပါတယ်။"

ယနေ့ကြားနာချက်အရ ကိုဇော်သက်ထွေးနှင့်အတူ အိုင်အယ်လ်အိုကို သတင်းပေးသည်ဆိုပြီး ဖမ်းဆီးခံထားရသူ အခြား ၃ ဦး မကြာခင်ပြန်လွတ်လာနိုင်သည်ဟုလည်း ၎င်းက ယခုလို ဆက်လက်ပြောပြသည်။

"ဒါနောက်ဆုံးပဲ။ နောက်တက်စရာအကြောင်းလည်းမရှိတော့ဘူး။ ၁၅၊ ၂၂၊ ၂၉ ရက် တနေ့နေ့မှာ အမိန့်ချဖို့ပါ။ ကိုဇော်သက်ထွေးတို့ရယ်၊ နိုင်မင်းကြည်တို့ရယ်၊ ဦးအေးမြင့်တို့ဟာ တရားသေလွှတ်ဖို့အတွက် မျှော်လင့်ချက် ၉၀% တော့ရှိပါတယ်။ နိုင်ယက္ခအပါအဝင် ၅ ဦးကတော့ ပညာရှိတရားသူကြီးများက ဘယ်လိုဆင်ခြင်ပြီး ဘယ်လိုဆုံးဖြတ်မယ်ဆိုတာကတော့ မပြောနိုင်ဘူး။"

ယနေ့တရားရုံးတွင် ကိုဇော်သက်ထွေး၏ ဇနီးနှင့် အဒေါ်ဖြစ်သူတို့လည်း သွားရောက်ကြားနာခဲ့ကြောင်း သိရသည်။ ကိုဇော်သက်ထွေးနှင့်ပတ်သက်ပြီး မည်သို့မျှော်လင့်ထားကြောင်း ဇနီးဖြစ်သူ မခိုင်ချိုဇော်ဝင်းတင်ကို ဒီဗွီဘီက မေးမြန်းခဲ့ရာ ယခုလိုဖြေကြားသည်။

"မျှော်လင့်ချက်တခုတော့ ပြန်ဖြစ်လာတာပေါ့။ အရင်က ၃ နှစ်ကို အခုရှေ့နေက ထပ်လျှောက်လဲထားတယ်ဆိုတော့ ဝမ်းသာတာပေါ့။ ထင်တာကတော့ အစကတည်းကိုက လွှတ်လာမယ်ထင်နေတာလေ။ ကျန်းမာရေးကတော့ ကောင်းပါတယ်။ ဆိုးဆိုးရွားရွားတော့ မဖြစ်ဘူးလေ။ ချောင်းဆိုတာရယ်လောက်ပဲ။ လည်ချောင်းနာတာလောက်ပဲ။ လွှတ်နိုင်တယ်လို့ မျှော်လင့်တယ်။ ကံကြမ္မာက ရှိသေးတယ်။"

ပြီးခဲ့သည့်နှစ် ဇူလိုင်လ ၁၇ ရက်နေ့က နအဖဗိုလ်ချုပ်များကို လုပ်ကြံဖို့ကြိုးစားသည်ဆိုပြီး ကိုဇော်သက်ထွေး၊ ဦးအေးမြင့်၊ နိုင်မင်းကြည်၊ နိုင်ယက္ခ၊ ရွှေမန်း၊ ချစ်ထွေး၊ အောင်လွှမ်း၊ ဇော်ဇော် (ခေါ်) ဇော်မျိုးထက်နှင့် ဖြူလေးတို့ ၉ ဦးကို စစ်ထောက်လှမ်းရေးက ဖမ်းဆီးပြီး တသက်တကျွန်းနှင့် ထောင်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်သည်။ အစသို့

## မုံရွာမြို့မှ အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင်တဦး ထောင်ဒဏ် ၃ နှစ် ချမှတ်ခံရ

*၁၁၊ အောက်တိုဘာ၊ ၂၀၀၄*

စစ်ကိုင်းတိုင်း၊ မုံရွာမြို့က အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုညွန့်အောင်ကို အာဏာပိုင်တို့က ထောင် ၃ နှစ် ချမှတ်လိုက်ပြီဟု သတင်းရရှိသည်။

ရုံးထုတ်စစ်ဆေးရန် သတ်မှတ်ထားသည့်နေ့ မရောက်မီ ထောင်တွင်း အကျဉ်းရုံးစစ်ဆေးပြီး ဘာသာရပ်သင် ဥပဒေပုဒ်မ ၂၃ အရ ထောင်ဒဏ်ရော၊ ငွေဒဏ်ပါ တပေါင်းတည်းကျခံရန် စီရင်ချက်ချခဲ့ကြောင်း သိရသည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး မုံရွာမြို့ခံတဦးက ယခုလိုပြောပြသည်။

"၃ နှစ်ရယ်၊ ဒဏ်ငွေက ၃ သောင်းရယ်။ ဒဏ်ငွေ ၃ သောင်း မဆောင်ရင် အဲဒီအတွက် ထောင်ဒဏ် ၉ လ ထပ်တိုးမယ်လို့ အမိန့်ချတာပေါ့။ ကြာသပတေးနေ့ကလား၊ သောကြာနေ့ကလား မသိဘူး အမိန့်ချလိုက်တာ။ ရုံးချိန်မတိုင်ခင်ပေါ့။ ထောင်ထဲမှာပဲ စစ်ပြီးချလိုက်တာ။ ရုံးချိန်းက ၁၁ ရက်နေ့ထင်တယ်။ သူတို့က စောပြီးမှလုပ်လိုက်တာ။"

ကိုညွန့်အောင်သည် လိုင်စင်မဲ့ကျူရှင်ပြသည်ဟူသော စွပ်စွဲချက်ဖြင့် စက်တင်ဘာအစောပိုင်းက ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ အစသို့

## မြန်မာ့အရေးဓာတ်ပုံပြပွဲနှင့် လွတ်မြောက်ရေးဆုတောင်းပွဲ ဂျပန်နိုင်ငံ တိုကျိုဋ္ဌပြုလုပ်

*၁၁၊ အောက်တိုဘာ၊ ၂၀၀၄*

ထိုင်း– မြန်မာနယ်စပ်မှ မြန်မာကလေးငယ်များအကြောင်း ဓါတ်ပုံပြပွဲနှင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေးဆုတောင်းပွဲတရပ်ကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ မနေ့ကကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါပွဲကို ယခင်ကလို အဆောက်အဦးတခုအတွင်း ကျင်းပခဲ့ခြင်းမဟုတ်ပဲ တိုကျိုမြို့၏ လူစည်ကားရာအရပ် ရှင်ဂျီးကူ လမ်းမကြီးပေါ်ပ ကျင်းပခဲ့ပြီး ဖြတ်သန်းသွားလာနေကြသည့် ဂျပန်လူမျိုးများ၊ အနောက်ဥရောပမှ လာရောက်နေသည့် နိုင်ငံခြားသားများအပြင် တရုတ်၊ ကိုးရီးယား၊ စင်္ကာပူ စသည့် နိုင်ငံသားများလည်း ပါဝင်သည်ကိုတွေ့ရသည်။ စိတ်ဝင်စားစွာ လက်မှတ်ရေးထိုးသူများ အများအပြားရှိသည်ကိုတွေ့ရသည်။ လူစည်ကားရာအရပ်၌ ကျင်းပခြင်းနှင့်ပတ်သက်ပြီး ပူးပေါင်းပါဝင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဂျပန်ဌာနခွဲ) ၏ တာဝန်ခံတဦးက ယခုလိုပြောပြခဲ့သည်။

"အခုလို လူတွေအများကြီးဖြတ်သန်းသွားလာနေကြတဲ့နေရာကို ကျင်းပတဲ့အတွက် လူအများရဲ့စိတ်ဝင်စားမှုကို ပိုမိုရရှိစေခဲ့တာဟာ ကျနော်တို့အတွက်တော့ တကယ်ကြီးမားတဲ့အခွင့်အရေးတခုဖြစ်ပါတယ်။ တိတိကျကျသတ်မှတ်ထားတာတော့ မရှိသေးပေမယ့် အနိမ့်ဆုံး တလတကြိမ်လောက်တော့ တိုကျိုမြို့ရဲ့ လူစည်ကားရာအရပ်တွေမှာ ဆက်လက်လုပ်ဆောင်သွားမှာပါ။ ဗမာနိုင်ငံမှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့အကြောင်း ဂျပန်လူမျိုးများ ပိုမိုသိရှိလာနိုင်စေမှာဖြစ်ပါတယ်" ဟု ပြောပြသွားခဲ့သည်။

အေအေပီပီ ခေါ် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ ဂျပန်တာဝန်ခံ ကိုဘုန်းမြင့်ထွန်းက...

"ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးအတွက် Sign campaign ကို လူစည်ကားရာ မြို့လယ်လမ်းမကြီးပေါ်မှာ လာပြီးပြုလုပ်ကြတယ်။ ဂျပန်လူမျိုး ၂၀၂ ယောက်ရဲ့ လက်မှတ်တွေ ရရှိခဲ့ပါတယ်။ ဒီနေ့ပွဲကို ဘာကြောင့်လုပ်ရသလဲဆိုရင် ဂျပန်လူမျိုးတွေကို ကျနော်တို့ဗမာပြည်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်ဆိုတာကို သိစေချင်တဲ့အတွက် လုပ်ရခြင်းဖြစ်ပါတယ်။"

အဆိုပါပွဲကို မြန်မာ့ဒီမိုကရေစီအင်အားစုများသာမကပဲ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ဂျပန်ဌာနခွဲနှင့် PFB ခေါ် People's Forum of Burma တို့အပြင် သွားလာရင်းကြုံကြိုက်၍ စိတ်ဝင်စားစွာဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားသော ဂျပန်လူမျိုးများကိုလည်း တွေ့ခဲ့ရသည်။ အစသို့

## လွှတ်တော်ကိုယ်စားလှယ်များအား ချက်ချင်းပြန်လွှတ်ပေးရန် အိုင်ပီယူက တောင်းဆို

*၁၂၊ အောက်တိုဘာ၊ ၂၀၀၄*

မတရားဖမ်းဆီးခံထားရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ချက်ချင်းပြန်လွှတ်ပေးရန် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာ အခြေစိုက် အိုင်ပီယူ (ခေါ်) နိုင်ငံတကာလွှတ်တော်များသမဂ္ဂက မြန်မာစစ်အစိုးရကို တောင်းဆိုလိုက်သည်။

ပြီးခဲ့သည့်လ ၂၇ ရက် မှ ယခုလ ၁ ရက်နေ့အထိ ကျင်းပခဲ့သော ၁၇၅ ကြိမ်မြောက် ညီလာခံက တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကာ ယခုလိုတောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း ယမန်နေ့ကထုတ်ပြန်သည့် အိုင်ပီယူသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အိုင်ပီယူ (နိုင်ငံတကာလွှတ်တော်များသမဂ္ဂ) ကို ၁၈၈၉ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး နိုင်ငံပေါင်း ၁၅၀ မှ ပါလီမန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ယခုလို အိုင်ပီယူ၏တောင်းဆိုချက်နှင့်ပတ်သက်၍ Burmese Community in Australia အဖွဲ့က ကြိုဆိုထောက်ခံကြောင်း ယနေ့ သတင်းထုတ်ပြန်ထားသည်။ ထိုအကြောင်း ပိုမိုသိရှိနိုင်ရန် အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမြင့်ချိုကို မေးမြန်းခဲ့ရာ ယခုလိုစတင်ပြောပြသည်။

"မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ၁၉၉၉ လောက်ကစပြီး အဲန်စီဂျီယူဘီနဲ့ အဲမ်ပီယူလို့ခေါ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ရဲ့ ချဉ်းကပ်စည်းရုံးမှုနဲ့ စတင်ပြီးတော့ မြန်မာပြည်အကြောင်းကို သူတို့ ပိုပြီးတော့အသေးစိတ်လေ့လာလာတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ဆုံးဖြတ်ချက်တွေကိုလည်း နှစ်စဉ်နှစ်တိုင်းလုပ်တဲ့ညီလာခံတွေမှာ လေးလေးနက်နက်ချမှတ်ပြီးတော့ လှုံ့ဆော်မှုတွေလုပ်ခဲ့ကြတယ်။ နိုင်ငံတကာလွှတ်တော်များသမဂ္ဂအဖွဲ့အစည်းဟာ ကုလသမဂ္ဂညီလာခံပြီးရင် မြန်မာနိုင်ငံအတွက် အကြီးအကျယ်ဆုံး အထောက်အကူပြုတဲ့၊ တွန်းအားပေးတဲ့အဖွဲ့အစည်းလို့ပြောရင်လည်း မမှားဘူးပေါ့။"

ဒီဗွီဘီ — ဒီနှစ်ဆုံးဖြတ်ချက်တွေဟာ အရင်နှစ်တွေကထက် ပိုမိုထူးခြားမှုတွေရှိနေလို့လား။

ဒေါက်တာမြင့်ချို — ဒီနှစ်ဆုံးဖြတ်ချက်တွေထဲမှာ ထူးခြားတဲ့အချက်တချို့ကို တွေ့ရပါတယ်။ အတုအယောင်အမျိုးသားညီလာခံနဲ့ပတ်သက်ပြီးတော့ ဒါဟာ လူထုဆန္ဒကို ကိုယ်စားပြုမှုမရှိ၊ ဒီမိုကရေစီအရေးကိုလည်း ဦးတည်တာမဟုတ်ပဲနဲ့ ကိုယ့်သဘောနဲ့ကိုယ်လုပ်ဆောင်တဲ့ ဒီလိုအမျိုးသားညီလာခံဟာတော့ဖြင့် စစ်အစိုးရသက်ဆိုးရှည်အောင်၊ စစ်တပ်ရဲ့အုပ်ချုပ်မှုကို တရားဝင်အောင်လုပ်တဲ့ကိစ္စပဲဖြစ်တယ်လို့ပဲ သူတို့နားလည်တယ်ဆိုတဲ့အကြောင်း ထောက်ပြတယ်။ တကယ်တမ်း စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဖို့အတွက် အကုန်လုံးပူးပေါင်းပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဖို့လိုတယ်လို့ ထောက်ပြထားတယ်။ နောက်တချက်က မတရားဖမ်းဆီးထားတဲ့ လွှတ်တော်အမတ်တွေရဲ့ ကျန်းမာရေးအခြေအနေကို သူတို့စိုးရိမ်တဲ့အကြောင်းနဲ့ လွှတ်တော်အမတ်တွေအပြင် နိုင်ငံရေးအကျဉ်းသားတွေ အကုန်လုံးချက်ချင်း ခြွင်းချက်မရှိလွှတ်ပေးဖို့ တောင်းဆိုတယ်။ နောက်တချက်က မြန်မာနိုင်ငံမှာ အပြုသဘောဆောင်တဲ့ ဖြစ်ပေါ်တိုးတက်မှုတွေ လုံးဝမတွေ့ရပဲနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေတယ်။ ဒါတွေကို ပြုပြင်ပြောင်းလဲဖို့ဆိုတာက နိုင်ငံတကာအသိုင်းအဝိုင်းအားလုံးက စုပေါင်းပြီးတော့ တူညီတဲ့မဟာဗျူဟာလုပ်ငန်းစဉ်တွေချဖို့ လိုအပ်နေတယ်လို့ ထောက်ပြထားတယ်။

ဒီဗွီဘီ — ဒီညီလာခံမှာ ဩစတြေးလျက လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ရော တက်ရောက်တာရှိပါသလား။

ဒေါက်တာမြင့်ချို — ဩစတြေးလျက အိုင်ပီယူ ခေါ် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့မှာ အုပ်ချုပ်နေတဲ့ပါတီက လွှတ်တော်အမတ်တွေအပြင် အတိုက်အခံလွှတ်တော်အမတ်တွေပါ ပါကြတယ်။ သူတို့ အားလုံး ၁၀ ယောက်ကျော်ပါတယ်။ ဒီ ၁၀ ယောက်ကျော်ကလည်း အိုင်ပီယူဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီး ထောက်ခံသဘောတူကြတာကို တွေ့ရတယ်။ အစသို့

## ဘာသာရပ်သင် ဥပဒေပုဒ်မဖြင့် မုံရွာမှအဖွဲ့ချုပ်လူငယ်တဦး ထောင်ဒဏ်ချမှတ်ခြင်းခံရ

*၁၂၊ အောက်တိုဘာ၊ ၂၀၀၄*

စစ်ကိုင်းတိုင်း၊ မုံရွာမြို့က အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုညွန့်အောင်ကို နအဖ က မုံရွာထောင်တွင်း၌ မုံရွာထောင်တွင်း၌ ဘာသာရပ်သင်ဥပဒေပုဒ်မ ၂၃ ဖြင့် စွဲချက်တင်ပြီး ထောင် ၃ နှစ်နှင့် ဒဏ်ငွေ ၃ သောင်း တပေါင်းတည်းကျခံရန် စီရင်ချက်ချလိုက်ခြင်းဖြစ်သည်။ ထို့ပြင် ဒဏ်ငွေ ၃ သောင်း မဆောင်နိုင်ပါက ဒဏ်ငွေအစား ထောင် ၆ လ ကျခံရမည်ဟုလည်း အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ ကိုညွန့်အောင်ကို အာဏာပိုင်တို့က မတရားထောင်ချလိုက်ခြင်းနှင့်ပတ်သက်ပြီး မုံရွာမြို့က ရှေ့နေဦးစောထွန်းကို ဆက်သွယ်မေးမြန်းသည့်အခါ အာဏာပိုင် တို့က အမှုစစ်ဆေးရန် ရုံးချိန်းရက်များ ခဏခဏရွှေ့ဆိုင်းခဲ့ပြီး နောက်ဆုံးသတ်မှတ်ထားသည့် ရုံးချိန်းရက်မတိုင်ခင်မီ ထောင်တွင်း၌ အကျဉ်းရုန်းစစ်ဆေး၍ ထောင်ချလိုက်ခြင်းဖြစ်ကြောင်း ယခုလိုပြောပြသည်။

“၇၊ ၆၊ ၂၀၀၄ နေ့လည် ၁၂ နာရီ မိနစ် ၂၀ မှာ အဖမ်းခံရတာ။ အမှတ်၂ ရဲစခန်းကနေ လာခေါ်သွားတာ။ ၆ ရက်နေ့မှာ ထောင်တွင်းတရားရုံးမှာပဲ တရားလိုဦးအုန်းမောင်ကို စစ်တယ်။ ဦးအုန်းမောင်ကိုစစ်ပြီး ကိုညွန့်အောင်က ရှေ့နေငှါးလိုတဲ့အကြောင်း တင်ပြလို့ဆိုပြီး ဦးအုန်းမောင်ကိုစစ်ဆေးတာကို ရပ်လိုက်တယ်။ ၂၃ ရက်ကို ပြန်ချိန်းတယ်။ အဲဒီနေ့မှာလည်း မစစ်ဖြစ်တော့ ၅၊ ၁၀၊ ၂၀၀၄ ကို ပြန်ချိန်းတယ်။ အဲဒီကနေ၁၁၊ ၁၀၊ ၂၀၀၄ ကို ရုံးချိန်းရက်ပေးတယ်။ အဲဒီနေ့မရောက်ခင် ၇၊ ၁၀၊ ၂၀၀၄ မှာပဲ နေ့ချင်းပြီးစစ်ပြီးတော့ ထောင်ချလိုက်တာပေ့ါ။”

ဒီဗွီဘီ — သူ့ကို အာဏာပိုင်တွေက စဖမ်းသွားကတည်းက မိသားစုနဲ့တွေ့ခွင့်မပေးဘူးလို့သိရပါတယ်။ အခုရော တွေ့ခွင့်ရပါပြီလား။

ဦးစောထွန်း — ခုချိန်ထိ ကိုညွန့်အောင်မိသားစုက တွေ့ခွင့်မရသေးဘူး။ စဖမ်းသွားကတည်းကပါ။ ရှေ့နေပါဝင်ဆောင်ရွက်ခွင့်တော့ရတယ်။ ဒါပေမယ့် မိသားစုတွေ့ခွင့်မရဘူး။ အဲဒီ ၇ ရက်နေ့မှာ ကိုညွန့်အောင်ရဲ့ နှမလေးက တောက်လျှောက်ရှိနေတာ။ ထောင်ရဲ့အပြင်ဘကက်နေ ထိုင်စောင့်နေရတာ။ နိုင်ငံရေးအမှုဆိုရင် ထောင်ထဲမှာပဲ စစ်ပြီးတော့ နေ့ချင်းပြီးပဲ အမိန့်ချလိုက်တာပဲများပါတယ်။ သူတို့ထုံးစံထင်ပါတယ်၊ ပြစ်ဒဏ်ကျပြီးလို့ တလခွဲလောက်နေမှပဲ မိသားစုနဲ့တွေ့ခွင့်ရတယ်။

ဒီဗွီဘီ — ကိုညွန့်အောင်ရဲ့ ကျူရှင်လုပ်ငန်းအောင်မြင်မှုအတိုင်းအတာရော ဘယ်လိုရှိပါသလဲ။

ဦးစောထွန်း — သူက နဂိုကတော့ တွဲဘက်တွေမှာ ကျောင်းဆရာသွားလုပ်တယ်။ အခု မုံရွာမှာကျူရှင်ပြတာ ၂ နှစ်လောက်ပဲရှိသေးတယ်။ အောင်မြင်တယ်ပြောရမှာပေ့ါ။ သူပြခဲ့တဲ့ကျူရှင်ပေါင်းကလည်း ၈ ခုလောက်ရှိတယ်။

ဒီဗွီဘီ — သူက တရားဝင်မှတ်ပုံတင်နဲ့ဖွင့်ထားတဲ့သင်တန်းကျောင်းတွေမှာ ကျူရှင်လိုက်ပြတာဆိုတော့ တရားဥပဒေနဲ့ ငြိစွန်းမှုရှိလို့လား။

ဦးစောထွန်း — ဥပဒေအရ သင်တန်းဆရာကိုက မှတ်ပုံတင်ပြီးသားလူဖြစ်ရမယ်ပေ့ါ။ ဒါပေမယ့် မုံရွာမြို့မှာကတော့ မှတ်ပုံမတင်ပဲ သင်နေတာတွေ အများကြီးပါ။ ၁၉၈၄ ခုနှစ်ကနေ ဘာသာရပ်ကိုယ်ပိုင်သင်တန်းဥပဒေ ပြဋ္ဌာန်းခဲ့တာ ၂၀၀၄ ခုနှစ်ထိ

မုံရွာရုံးမှာ တမှုမှစွဲတင်တာမျိုးမရှိခဲ့ဘူး။ အနှစ် ၂၀ အတွင်းမှာ ဒါဟာ ပထမဆုံးအမှုပါ။ ဘာ့ကြောင့်လဲဆိုတော့ သူက အဲန်အယ်ဒီ လူငယ်ခေါင်းဆောင်လည်းဖြစ်တယ်၊ လက်မှတ်ရေးထိုးတဲ့ကိစ္စမှာလည်း သူက အဓိကနေရာကနေ ပါဝင်ဆောင်ရွက်တယ်။ ဒါကြောင့်မို့လို့ ဖြစ်သွားတာပါ။

ကိုညွန့်အောင်မှာ ပြီးခဲ့သည့်နှစ် ဒီပဲယင်းခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် မုံရွာမြို့ကို ရောက်ရှိလာစဉ် မြို့နယ်အဖွဲ့ချုပ် လူငယ်ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခံခဲ့ရသူ ဖြစ်ကြောင်းလည်း သိရှိရသည်။ အစသို့

## မန္တလေး အိုးဘိုထောင်၌ ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်ထား

*၁၃၊ အောက်တိုဘာ၊ ၂၀၀၄*

မန္တလေး အိုးဘိုထောင်ရှိ နိုင်ငံရေးအကျဉ်းသားအပါအဝင် အကျဉ်းသားအားလုံးကို မနေ့ကစပြီး ယခုလ ၂၇ ရက်နေ့အထိ မိသားစုဝင်များနှင့် ထောင်ဝင်စာတွေ့ခွင့် ပိတ်ပင်လိုက်သည်ဟု သိရသည်။

မနေ့က ထောင်ဝင်စာသွားတွေ့ခဲ့သည့်အကျဉ်းသားမိသားစုများကို အာဏာပိုင်တို့က ယခုလို ပြောကြားလိုက်ခြင်းဖြစ်သည်။ လူချင်းတွေ့ခွင့်မပေးသော်လည်း ထောင်ဝင်စာပါဆယ်ထုတ်များကိုမူ အာဏာပိုင်တို့ကတဆင့် ပေးခွင့်ပြုသည်ဟုလည်း အကျဉ်းသားမိသားစုဝင်များက ပြောပြသည်။ မည်သည့်အတွက်ကြောင့် ထောင်ဝင်စာပိတ်ပင်သည်ကို အာဏာပိုင်တို့က ရှင်းပြခဲ့ခြင်းမရှိပေ။ တထောင်လုံးရှိ အကျဉ်းသားများကို ၁၅ ရက်ကြာ ထောင်ဝင်စာပိတ်လိုက်ခြင်းနှင့်ပတ်သက်ပြီး မိသားစုဝင်များအားလုံး အထူးစိုးရိမ်ပူပန်နေသည်ဟုလည်း အကျဉ်းသားမိသားစုဝင်တို့က ပြောဆိုသည်။ ယခုလိုထောင်ဝင်စာပိတ်ပင်လိုက်ခြင်းနှင့်ပတ်သက်ပြီး ထင်ကြေးမျိုးစုံ ထွက်ပေါ်နေသည်ဟုလည်း ဆိုသည်။ ထောင်ဆူပူမှု သို့မဟုတ် ထောင်ဖောက်ပြေးမှုဖြစ်၍ ပိတ်ပင်ခြင်းဖြစ်နိုင်သည်ဟု ခန့်မှန်းသူများရှိသလို ထောင်တွင်းကူးစက်ရောဂါ တခုခု ဖြစ်ပွားနေ၍လည်း ဖြစ်နိုင်သည်ဟု သုံးသပ်မှုများရှိနေသည်။ အချို့ဒေသခံများကမူ ဒေသဆိုင်ရာ နအဖ အဆင့်မြင့်အရာရှိအချို့ကို ထောင်တွင်း၌ ဖမ်းဆီးစစ်ဆေးနေ၍ သတင်းပေါက်ကြားမည်ကို စိုးရိမ်သောကြောင့် ယခုလို ပိတ်ပင်ထားခြင်းဖြစ်နိုင်ကြောင်း ပြောဆိုနေကြသည်။ မန္တလေးအိုးဘိုထောင်ပိုင်ရုံးကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့ရာ ထောင်ဝင်စာပိတ်ပင်ထားသည်မှာ မှန်ကန်ကြောင်း တာဝန်ကျထောင်မှူးတဦးက အတည်ပြုပြောဆိုခဲ့သော်လည်း မည်သည့်အတွက်ကြောင့် ပိတ်ပင်ရသည်ကိုမူ ပြောရန် ငြင်းဆိုခဲ့သည်။ အစသို့

## ယူအဲန်ဒီပီ ရုံးရှေ့ဆန္ဒပြ၍ ဖမ်းဆီးခံရသူ ၂ဦးအား မိသားစုနှင့် တွေ့ခွင့်မပြု

*၁၄၊ အောက်တိုဘာ၊ ၂၀၀၄*

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (ယူအဲန်ဒီပီ) ရုံးရှေ့တွင် တကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံခဲ့ရသူ ဦးအုန်းသန်းနှင့်အတူ အဖမ်းဆီးခံခဲ့ရသော စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်ဝေတို့၏အခြေအနေကို သိရှိနိုင်ရန် မိသားစုဝင်များက မနေ့က အင်းစိန်ထောင်ကို သွားရောက်စုံစမ်းခဲ့ကြောင်း သိရသည်။ ဦးသက်ဝေ၏ဇနီးသည် ဒေါ်သန်းသန်းနှင့် အဖွဲ့ချုပ်ရှေ့နေတဦးက ယခုလို သွားရောက်မေးမြန်းခဲ့ခြင်းဖြစ်ပြီး ထောင်အာဏာပိုင်တို့ကမူ ထိုကိစ္စကို ၎င်းတို့မသိကြောင်း ငြင်းပယ်လိုက်သည်ဟု ဆိုသည်။ မနေ့က အင်းစိန်ထောင်ရှိ အခြေအနေနှင့်ပတ်သက်ပြီး ဒေါ်သန်းသန်းက ယခုလို ရှင်းပြသည်။

“မနေ့မနက်က ကျမ အင်းစိန်ထောင်ကိုသွားတယ်။ ရှေ့နေရယ်၊ ဒီကအသိရယ်။ သူတို့က ပထမတော့ မပြောဘူးပေ့ါ။ နောက်မှ ရှိတယ်လို့ပြောတယ်။ တွေ့လို့မရဘူး။ နယ်မြေခံထောက်လှမ်းရေးကို သွားပြန်စုံစမ်းပါဆိုပြီး ပြန်လွှတ်လိုက်တာ။ နယ်မြေခံ ထောက်လှမ်းရေး ၇ ကို သွားစုံစမ်းရမယ်။ ဘာမှကို သတင်းမကြားဘူး။ အဝတ်တထည် ကိုယ်တခုနဲ့ ခေါ်သွားပြီး ခုချိန်ထိပေ့ါ။ ၂၀ ရက်နေ့ဆို တလပြည့်တော့မယ်။ စိုးရိမ်ရတာ အမျိုးမျိုးပေ့ါ။ သူ့မှာကလည်း အစာအိမ်ရောဂါက ရှိတာကိုး။”

ဦးသက်ဝေနှင့်ဦးအုန်းသန်းတို့ကို ကုလသမဂ္ဂအစည်းအဝေးစတင်သည့် စက်တင်ဘာလ ၂၁ ရက်နေ့က ဖမ်းဆီးခဲ့သည့်အတွက် ယခုဆိုလျှင် ၂၅ ရက်ခန့်ကြာနေပြီဖြစ်သည်။ ထိုသို့ တလနီးပါးကြာလာသည်အထိ နအဖဘက်က မည်သည့်သတင်းမှ မထုတ်ပြန်သလို လူ့အခွင့်အရေးအဖွဲ့များလည်း ဝေဖန်ရှုတ်ချခြင်း၊ လွှတ်ပေးရန်တောင်းဆိုခြင်းများမရှိပဲ ငြိမ်နေသည့်အတွက် ဤသည်မှာ စိုးရိမ်စရာဖြစ်လာနေကြောင်း ဒေါ်သန်းသန်းက ဒီဗွီဘီကို ပြောကြားသွားခဲ့သည်။ အစသို့

## ကိုဇော်သက်ထွေးနှင့် ၉ ဦးပါ အထူးအယူခံလွှာ နောက်ဆုံးအဆင့် ကြားနာဆုံးဖြတ်

*၁၅၊ အောက်တိုဘာ၊ ၂၀၀၄*

နအဖခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားသည်ဆိုသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရသူ ၉ ဦးထဲမှ ၄ ဦးကို ထောင်ဒဏ် ၂နှစ်ထိ လျှော့ပေးလိုက်ကြောင်း သိရသည်။

အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးနှင့် ၃ ဦးကို ယခုလိုလျှော့ပေးလိုက်ခြင်းဖြစ်ပြီး ကျန်တဦးကို ၅ နှစ်၊ အခြား ၄ ဦးမှာမူ တသက်တကျွန်းအဖြစ် ရှိနေဆဲဖြစ်ကြောင်း ၎င်းတို့အားလုံး၏ရှေ့နေကြီး နိုင်ငွေရက ပြောဆိုသည်။ ဤသည်မှာ အထူးအယူခံလွှာကို နောက်ဆုံးအဆင့် ကြားနာဆုံးဖြတ်ခြင်းဖြစ်သည့်အတွက် အယူခံထပ်မံတင်လျှောက်ခွင့် မရှိတော့ဟုလည်းသိရသည်။ သို့သော် တသက်တကျွန်းချထားခံရသူအများစုမှာ မွန်ပြည် သစ်ပါတီအဖွဲ့ဝင်များဖြစ်သည့်အတွက် မွန်ပြည်သစ်ပါတီက နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အသနားခံစာ တင်မည်ဆိုလျှင် ရကောင်းရနိုင်သေးသည်ဟု နိုင်ငွေရက ပြောဆိုသည်။ အခြားထူးခြားချက်တခုမှာ နအဖစစ်အစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်နေတာဖြစ်၍ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ကို သတင်းပေးခြင်းမှာ တည်ဆဲဥပဒေများအရ ပြစ်မှုမမြောက်ဟုလည်း အထူးတရားရုံးက ချမှတ်ပေးလိုက်ကြောင်း သိရသည်။ အမှုတွဲ နောက်ဆုံးအခြေအနေအကြောင်း သိရှိနိုင်ရန် ရှေ့နေကြီးနိုင်ငွေရကို ဆက်သွယ်မေးမြန်းခဲ့သည်။

ဒီဗွီဘီ — ၂ နှစ်အထိ လျှော့လိုက်တယ်ဆိုတာက ဘယ်သူတွေလဲခင်ဗျ။

နိုင်ငွေရ — ၄ ယောက်ကို ၃ နှစ်ကနေ ၂ နှစ်ကို ပြောင်းလိုက်တယ်။ ကိုဇော်သက်ထွေးရယ်၊ ဦးအေးမြင့်ရယ်၊ နိုင်မင်းကြည်ရယ်၊ ဇော်ဇော်ရယ်။ ရွှေမန်းကိုတော့ ထောင်ဒဏ် ၅ နှစ်ကို ပြောင်းလဲအမိန့်ချလိုက်တာပါ။ နိုင်ယက္ခရယ်၊ မျိုးထွေးရယ်၊ အောင်လွန်းရယ်၊ ဖြူလေး (ခေါ်) ဇာနိုင်ထွန်းတို့ ၄ ယောက်ကိုတော့ မူလပြစ်ဒဏ်ဖြစ်တဲ့ ၁၂၂ (၁) နဲ့ တကျွန်းအမိန့်ကို ဆက်လက် အတည်ပြုတာပေါ့။

ဒီဗွီဘီ — ဇော်သက်ထွေးက အရင်သေဒဏ်ကနေ၊ ၃ နှစ်။ အခု ၂ နှစ်ဆိုတော့ အခု သူတို့ကိုဖမ်းထားတာ တနှစ်လောက် ရှိနေပြီမဟုတ်လား။

နိုင်ငွေရ — ဟုတ်ကဲ့။ သူတို့ကိုဖမ်းထားတာ တနှစ်နဲ့ ၃ လ ရှိသွားပါပြီ။ နောက် လေးငါးခြောက်လဆို လွတ်မှာပါ။

ဒီဗွီဘီ — ကျန်တဲ့လူတွေအတွက်ရော ဘာဆက်လုပ်ဖို့ရှိပါသလဲ။

နိုင်ငွေရ — တကျွန်းကျတဲ့ ၄ ယောက်ထဲမှာ ၃ယောက်ကတော့ ငြိမ်းချမ်းရေးအဖွဲ့ဖြစ်တဲ့ မွန်ပြည်သစ်ပါတီက အဖွဲ့ဝင်တွေဖြစ်တဲ့အတွက် သူတို့အဖွဲ့ခေါင်းဆောင်တွေက နိုင်ငံတော်အကြီးအကဲဆီကို အသနားခံလွှာတင်လို့ရပါတယ်။ လမ်းကြောင်းကတော့ ဒီတလမ်းတော့ရှိပါသေးတယ်။ တခုထူးခြားတာက ဦးအေးမြင့်တို့၊ နိုင်မင်းကြည်တို့၊ ကိုရွှေမန်းတို့ဟာ အိုင်အယ်လ်အိုနဲ့ ဆက်သွယ်တဲ့ကိစ္စကို ဒီအမှုမှာ အိုင်အယ်လ်အိုနဲ့ဆက်သွယ်တယ်ဆိုတဲ့စာပိုဒ်ကို အယူခံရုံးကနေ ပယ်ဖျက်ပြီးတော့ မှတ်ချက်ပြုထားတာတွေ့ရှိရပါတယ်။

ဒီဗွီဘီ — ဘယ်လိုမှတ်ချက်ပေးလိုက်တာပါလဲ။

နိုင်ငွေရ — ပြည်ထောင်စုမြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အိုင်အယ်လ်အိုကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်နေသည့်နိုင်ငံဖြစ်သည့်အားလျော်စွာ ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မည်သူမဆို ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ကြသည်။ အိုင်အယ်လ်အိုနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် နိုင်ငံ၏ တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ခြင်းမရှိပေလို့ သုံးသပ်ထားတယ်။

ဒီဗွီဘီ — ၉ ယောက်မှာ ၄ ယောက်က ၂ နှစ်ပဲကျတယ်ဆိုတော့ တိုးတက်တာပါတယ်။ ဥပဒေဟာ နိုင်ငံရေးပယောဂ ကင်းပြီးတော့ ဥပဒေအတိုင်းဖြစ်လာတယ်လို့ ယူဆပါသလား။

နိုင်ငွေရ — အဲလိုပဲ ကျနော်ယူဆပါတယ်။ မူလရုံးတွေ၊ အောက်ရုံးတွေက မှားယွင်းချွတ်ချော်တာကို အထက်ရုံးကနေ တည့်မတ်ပြီး ဥပဒေနဲ့အညီဆောင်ရွက်တယ်လို့ပဲ မှတ်ယူပါတယ်။

ဒီဗွီဘီ — ဟိုတနေ့က ဟသ်ာတမှာ တိုင်တဲ့လူတွေကို ၆ လ ချတာမျိုး၊ အထူးသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူတွေဆိုရင် ၃ နှစ်တို့၊ ၇ နှစ်တို့၊ ၁၄ နှစ်တို့ ချနေတော့ ဥပဒေဟာ ဘယ်လိုပြောလို့ရမလဲ။

နိုင်ငွေရ — မအူပင်မှာကိစ္စဆိုရင် ထောင် ၂ နှစ်ခွဲချထားတယ်မဟုတ်လား။ မြန်မာ့ဓလေ့အရဆိုရင် ကြီးတဲ့အမှုကို ငယ်စေ၊ ငယ်တဲ့အမှုကို ပပျောက်စေဆိုတဲ့ဘောမျိုးနဲ့ အယူခံတက်တဲ့အခါ ၂ နှစ်ခွဲကနေ တလပဲဖြစ်သွားတဲ့ကိစ္စပေါ့။ ကိုယ့်ကိုဖိနှိပ်တဲ့ကိစ္စကို တရားရုံးအဆင့်ဆင့်မှာ ဥပဒေကြောင်းအရ တိုက်ပွဲဝင်သွားမယ်ဆိုရင် တနေ့ အောင်မြင်သွားမှာပေါ့။ အစသို့

## မန္တလေး အိုးဘိုထောင်ရှိ အကျဉ်းသားများကို ထောင်ဝင်စာတွေ့ခွင့် ပြန်လည်ခွင့်ပြု

*၁၅၊ အောက်တိုဘာ၊ ၂၀၀၄*

မန္တလေး အိုးဘိုထောင်ရှိ အကျဉ်းသားများကို ထောင်ဝင်စာတွေ့ခွင့် ပြန်လည်ခွင့်ပြုလိုက်ပြီဟုသိရသည်။ နစကဝန်ထမ်းများကို ဖမ်းဆီးစစ်ကြောမှုများလုပ်နေသဖြင့် ယခုလ ၁၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထောင်ဝင်စာပိတ်ထားကြောင်း ထောင်အာဏာပိုင်တို့က တရားဝင်စာကပ်ထားခဲ့ခြင်းဖြစ်သည်။ မနေ့ကမူ မန္တလေး ထောင်ပူးဝမှာပင် နစကဝန်ထမ်းများကို ထောင်တနှစ်မှ

အနှစ် ၂၀ ထိ အမိန့်ချမှတ်ခဲ့ပြီး ယနေ့ ထောင်ဝင်စာ ပြန်တွေ့ခွင့်ပြု လိုက်သည်ဟု အမည်မဖော်လိုသူ ထောင်တာဝန်ခံတဦး၏ ပြောပြချက်အရ သိရသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသား၂ဦး နိုင်ငံတကာသတင်းစာလွတ်လပ်ခွင့်ဆု ရရှိ

*၁၅၊ အောက်တိုဘာ၊ ၂၀၀၄*

အမေရိကန်နိုင်ငံ၊ နယူးယောက်အခြေစိုက် စီပီဂျေ (ခေါ်) သတင်းသမားကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီးက စစ်အစိုးရ၏ မတရားဖမ်းဆီးထောင်ချခံထားရသူ စာရေးဆရာ၊ အယ်ဒီတာ ဆရာမောင်အောင်ပွင့်နှင့် ဆရာငြိမ်းသစ်တို့ ၂ ဦးကို ယခုနှစ် နိုင်ငံတကာသတင်းလွတ်လပ်ခွင့်ဆု ချီးမြှင့်လိုက်ကြောင်း သိရသည်။ ယခုနှစ်ဆုများကို မြန်မာနိုင်ငံမှ ၂ ဦးနှင့်အတူ ဘီလာရုစ်မှ တဦး၊ ဘူရွန်ဒီမှတဦးနှင့် အမေရိကန်နိုင်ငံမှ တဦးအပါအဝင် ၅ ဦးကို ဆုချီးမြှင့်လိုက်ခြင်းဖြစ်သည်။ ယခုနှစ် နိုင်ငံတကာ သတင်းလွတ်လပ်ခွင့်ဆုရရှိသည့် ကဗျာဆရာ၊ အယ်ဒီတာ မောင်အောင်ပွင့်နှင့်ပတ်သက်ပြီး ဖင်လန်နိုင်ငံမှာနေထိုင်သော သားဖြစ်သူ ကိုငြိမ်းချမ်းကို မေးမြန်းသည့်အခါ ၎င်း၏ခံစားချက်ကို ယခုလိုပြောပြသည်။

"ဝမ်းနည်းဝမ်းသာ နှစ်ခုတခါတည်းဖြစ်တာပေါ့။ ဒီဆုမျိုးဆို ဆုရတဲ့လူကိုယ်တိုင် အပြင်မှာ လွတ်လွတ်လပ်လပ်ရှိတဲ့ အချိန်မှာ ကြားလို့သိလို့ဖြစ်နိုင်မှ ကောင်းတာမျိုးလေ။ ကျန်တဲ့မိသားစုအနေနဲ့ကတော့ အပြင်ကပဲ ဝမ်းသာလို့ရတာပေါ့။ လောလောဆယ်မှာ သူက မသိရသေးဘူးလေ။ ထောင်ထဲမှာဆိုတော့ သူတို့က နားထောင်ခွင့်ရမှာမဟုတ်ဘူး။ ၂၀၀၁ ခုနှစ် တုန်းကလည်း ဟယ်လ်မန်ဟမ်းမာက်ဆိုတဲ့ဆုတခုရထားတာကိုး။ အဲဒါကိုလည်း ဒီနှစ်ထဲမှ ကျနော်တို့တို့က သိတာကိုး။ ကျနော့်အဖေ သူ့တသက်လုံးလုပ်လာခဲ့တဲ့အလုပ်တွေအကုန်လုံးကို အသက် ၆၀ ပြည့်တဲ့အချိန်မှာ နိုင်ငံတကာက အသိအမှတ်ပြုခံရလို့ ဗမာပြည်သူတွေကိုယ်စား တအားဝမ်းသာပါတယ်။ အခုပြောတဲ့အချိန်မှာ ကျနော့်အသံတွေ တုန်နေပါသေးတယ်။"

ရှေ့လ ၂၃ ရက်နေ့ နယူးယောက်၌ကျင်းပမည့် ဆုပေးပွဲကို ဖခင်ဖြစ်သူကိုယ်စား တက်ရောက်ရန် အစီအစဉ် ရှိမရှိ မေးမြန်းရာ၌ ယခုလိုဖြေကြားခဲ့သည်။

"လောလောဆယ် ဗီဇာလျှောက်ထားပါတယ်။ ရှေ့အပတ်ထဲမှာတော့ အကြောင်းပြန်မှာပါ။ ဆုပေးတဲ့အဖွဲ့အစည်းက လေယာဉ်စရိတ်တွေအကုန်လုံးကျခံပါတယ်။"

အကယ်၍ ဆုပေးပွဲကို သွားခွင့်ရလျှင် ဖခင်ဖြစ်သူကိုယ်စား မည်သို့ပြောဆိုချင်ကြောင်း မေးမြန်းရာ ယခုလိုရှင်းပြသည်။

"ကျနော့်အဖေက တသက်လုံး ငြိမ်းချမ်းရေးကို ချစ်တယ်ခင်ဗျ။ ဒါကြောင့် ကျနော်ပြောရင် ငြိမ်းချမ်းရေးအကြောင်းပဲ ပြောမှာပါ။ ဗမာပြည်မှာ အမြန်ဆုံး ဒီမိုကရေစီနိုင်ငံနဲ့ လွတ်လပ်ငြိမ်းချမ်းတဲ့နိုင်ငံနဲ့ တိုင်းသူပြည်သားတွေအကုန်လုံး ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တဲ့ဘဝမျိုးကို သူလိုချင်တာကိုး။ အဲဒီညစာစားပွဲမှာ ငြိမ်းချမ်းရေးစကားတွေပဲ ကျနော်ပြောမှာပါ။"

တဖန် ဆရာမောင်အောင်ပွင့် ဆုရရှိခြင်းနှင့်ပတ်သက်ပြီး ဇနီးဖြစ်သူ ဆရာမဒေါ်သန်းညွန့်ရွှေကလည်း ခုလိုပြောပြသည်။

"ဝမ်းတော့သာတာပေါ့။ သူ အပင်ပန်းအဆင်းရဲခံထားပြီးတော့ လုပ်ထားတဲ့အတွက် ဝမ်းတော့သာတယ်။ အပြင်မထွက်ရတဲ့အတွက် စိတ်တော့မကောင်းဘူး။ ဒီအတွက်ကို ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် အဆင်ပြေပြေနဲ့စိတ်ချမ်းချမ်းသာသာနဲ့ သူတို့ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝအခြေအနေတွေကို အသိအမှတ်ပြုပေးတဲ့အတွက် အထူးပဲ ဝမ်းသာတယ်။ ရလည်းရစေချင်ပါတယ်။ ဖြစ်လည်းဖြစ်စေချင်ပါတယ်။ အခု အသက် ၆၀ ပြည့် သူ့မွေးနေ့မှာ ဒီလိုမျိုး ဆုရတယ်ဆိုတော့ ကျမ ဘယ်လိုပြောရမယ်မှန်းတောင်မသိဘူး။ အရမ်းလည်းဝမ်းသာတယ်။"

ခင်ပွန်းဖြစ်သူအတွက် မည်သို့ခံစားရကြောင်း မေးမြန်းရာ ဆရာမက ယခုလိုဖြေကြားခဲ့သည်။

"ကျမယောကျ်ားအပေါ်မှာ ကျမ အမြဲတမ်းဂုဏ်ယူပါတယ်။ သူက အမြဲတမ်းအနစ်နာခံပြီးတော့ သူ့အကျိုးကို တခါမှမလုပ်ခဲ့တဲ့အတွက် အမြဲတမ်းဂုဏ်ယူပါတယ်။

ဆရာအောင်ပွင့်နှင့်အတူ ယခုနှစ် ဆုရရှိခဲ့သူ မော်လမြိုင်ထောင်၌ ထောင်ကျခံနေရသော ကဗျာဆရာ၊ အယ်ဒီတာ ငြိမ်းသစ်၏ဇနီးသည် ဒေါ်ခင်မာလာကလည်း ယခုလိုပြောပြသည်။

"ဝမ်းသာတယ်။ ကျမတို့နိုင်ငံမှာ တကယ် နိုင်ငံရေးအကျဉ်းသားတွေရှိနေတယ်ဆိုတာကို မီးမောင်းထိုးပြသလို ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ အဲလိုပြောပေးတဲ့လူတွေ များများရှိပါစေလို့ ဆုတောင်းတယ်။"

အစသို့

## ဟသ်ာတမြို့နယ်အတွင်းမှ အာဏာပိုင်တို့အပေါ် တရားစွဲဆိုမှု

*၁၆၊ အောက်တိုဘာ၊ ၂၀၀၄*

အတင်းအဓမ္မကင်းစောင့်ခိုင်းသည်ကို မကျေနပ်၍ တရားရုံးထံ တိုင်ကြားခဲ့သူ ရွာသား၂ဦးကို နအဖ အာဏာပိုင်တို့က ထောင်ဒဏ် ၆ လ အပြစ်ပေးလိုက်သည့်အပေါ် အထူးစိုးရိမ်မိကြောင်း အာရှလူ့အခွင့်အရေးအဖွဲ့က ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

ရောဝတီတိုင်း၊ ဟသ်ာတမြို့နယ်၊ အုတ်ပုံကျေးရွာနေ ဦးခင်ဇော်နှင့်ဦးအုန်းမြင့်တို့ ၂ ဦးမှာ အတင်းအဓမ္မ ကင်းစောင့်ခိုင်းခြင်း ခံခဲ့ရသူများဖြစ်သော်လည်း နအဖ တရားရုံးက ဤသည်ကိုပယ်ချပြီး ရွာလူကြီးကို အသရေဖျက်ရန် ကြိုးစားသည်ဆိုသောစွပ်စွဲချက်ဖြင့် ယခုလို ထောင် ၆ လ ချလိုက်ခြင်းဖြစ်သည်။ ထိုသို့ မတရားအပြစ်ပေးလိုက်သည့်အပေါ် အမြန်ဆုံး အရေးယူပေးရန် နအဖ အရာရှိများအပါအဝင် ရန်ကုန်အခြေစိုက် အိုင်အယ်လ်အိုရုံးခွဲနှင့် နိုင်ငံ့တကာသံရုံးအားလုံးကို တောင်းဆိုထားသည်ဟုလည်း အဆိုပါအဖွဲ့က ပြောဆိုသည်။

ရန်ကုန်ရှိ အိုင်အယ်လ်အိုရုံးခွဲတာဝန်ခံတဦးက ထိုအမှုအကြောင်း သိပြီးဖြစ်၍ သက်ဆိုင်ရာအာဏာပိုင်တို့နှင့် ညှိနှိုင်းနေသည်ဟုဆိုသည်။ ထို့ပြင် ရုံးခွဲတာဝန်ခံ ရစ်ချဒ်ဟိုဆေးကိုယ်တိုင် လုပ်အားပေးခိုင်းစေမှု နောက်ဆုံးအခြေအနေများကို အသေးစိတ်အစီရင်ခံစာတခု ရေးသားနေပြီး ရှေ့လ ၄ ရက်နေ့တွင် ကျင်းပမည့် အိုင်အယ်လ်အိုအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးထံ တင်ပြမည်ဟုသိရသည်။ ရှေ့လကျင်းပမည့် အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးမတိုင်မီ လုပ်အားပေးခိုင်းစေခြင်းများ လုံးဝ ရပ်တန့်ရမည်ဟု အိုင်အယ်လ်အိုက နအဖကို သတိပေးထားပြီးဖြစ်သည်။ အကယ်၍ မရပ်တန့်ပါက အိုင်အယ်လ်အိုအဖွဲ့ဝင် နိုင်ငံပေါင်း ၂၀၀ နီးပါး၏ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကို ခံရမည်ဖြစ်သည်ဟုလည်းသိရသည်။ အစသို့

## ကလေးမြို့ အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးဆိုးရွားနေ

*၁၈၊ အောက်တိုဘာ၊ ဝ၄*

ကလေးမြို့ အကျဉ်းထောင်၌ ထောင် ၅၉ နှစ် ကျခံနေရသူ ကိုအေးအောင်၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်မှုမရှိကြောင်း သိရသည်။ ငှက်ဖျားရောဂါခံစားနေရပြီး ငှက်ဖျားအဖြစ်များသည့် ဒေသတွင် ထောင်ဆရာဝန် မထားပေး၍ စိုးရိမ်ရကြောင်း၊ သား၏ကျန်းမာရေးအတွက် စိုးရိမ်ပြီး ထောင်ဝင်စာလာတွေ့သည့်အခါ ထောင်အာဏာပိုင်တို့၏ တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကြောင့် အခက်အခဲကြုံတွေ့ရကြောင်း ဖခင်ဖြစ်သူ ဦးသောင်းစိန်က ယခုလိုပြောပြသည်။

"တခါတလေကျတော့ အဆင်ပြေတယ်။ အခုနောက်ပိုင်းတော့ ပစ္စည်းတွေပေးလို့ နည်းနည်းအဆင်ပြေတယ်။ တခါတလေ တော်တော်ညစ်တယ်ဗျ။ ဘာလို့ဆိုတော့ သူတို့က ထောင်စည်းကမ်းနဲ့ ဘယ်လောက်ပဲပေးရမယ်ဆို့ဘာတို့ ကိုင်လိုက်တော့ ကျနော်တို့ကလည်း ရှာလို့ဖွေလို့ရတဲ့အခါ ဒီသားလေးကို ပေးချင်တဲ့အခါကျတော့ တခါတလေကျရင် ကသိကအောက်နဲ့။ ကျနော်တို့က မရှိမဲ့ရှိမဲ့ ရှာလာတဲ့အခါ ပေးတာကိုလက်ခံလိုက်ရင် အဆင်ပြေတာပေါ့ဗျာ။"

ကိုအေးအောင်၏ အမှုတွဲနောက်ကြောင်းကို မေးမြန်းရာ၌ ဦးသောင်းစိန်က ယခုလိုရှင်းပြသည်။

"သူ့အမှုတွေကတော့ဗျာ သူပြောပြတာ ကျနော်လည်း ကောင်းကောင်းမမှတ်မိတော့ဘူး။ ၁၇ (၁) တွေရော၊ တောနဲ့ ဆက်သွယ်တာတွေရော အားလုံးပေါင်း ၇ မှုဗျ။ တမှုကို ၇ နှစ်နှုန်းနဲ့ ၆ မှုက ခြောက် ခုနှစ်လီ ၄၂ နှစ်ဗျာ။ ကျန်တဲ့တမှုက ၃ နှစ်ဆိုတော့ ၄၅ နှစ် ကျတယ်ဗျာ။ ခုနက ၆ မှုမှာ ၂ မှုက အောက်ရုံးကနေ ၁၄ နှစ်ထိ ချလို့ရရက်သားနဲ့ ဘာလို့ ၇ နှစ်ထဲ ချရတာလဲဆိုပြီး တမှုကို ၇ နှစ်နှုန်းနဲ့ထပ်ချတော့ နှစ် ခုနှစ်လီ ၁၄ နှစ်ဗျာ။ ခုနက ၄၅ နဲ့ပေါင်းတော့ စုစုပေါင်း ၅၉ နှစ်ဗျာ။"

အကယ်၍ အာဏာပိုင်တို့နှင့် စကားပြောခွင့်ရမည်ဆိုလျှင် မည်သို့ပြောချင်ပါကြောင်း ထပ်မံပြီးမေးမြန်းရာ ဦးသောင်းစိန်က ယခုလိုဖြေကြားသည်။

"လွှတ်ပေးစေချင်တဲ့ဆန္ဒ အပြည့်ရှိပါတယ်ခင်ဗျာ။ ကျနော့်သားတယောက်တင် မဟုတ်ဘူး။ နိုင်ငံရေးအကျဉ်းသားတွေ မှန်သမျှ အကုန်လုံးကိုလွှတ်ပေးမယ်ဆိုရင် ဝမ်းသာပါတယ်။ မိသားစုတွေမှာ ထောင်ဝင်စာလာတွေ့တယ်ဆိုတာ အိုင်စီအာစီက လမ်းစရိတ်အကူအညီပေးနေလို့ လာတွေ့ရတယ်ဆိုပေမယ့် အတွင်းကိုပေးဖို့ရာ အင်မတန်ကြိုးစားရပါတယ်။ တခြားမိဘတွေ လည်း ကျနော့်ကဲ့သို့ ကြိုးစားနေရတာဆိုတော့ သူတို့သားသမီးတွေလွှတ်ရင် ဝမ်းသာမှာ။ ကျနော်လည်း အားလုံးလွှတ်ရင် ဝမ်းသာပါတယ်ခင်ဗျာ။"

ကိုအေးအောင်ကို ၁၉၉၈ ကျောင်းသားလှုပ်ရှားမှုနှင့် အသက် ၂၃ နှစ်အရွယ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ကိုပန်နေထွန်း၊ ကိုနေဦး၊ ကိုကျော်ဇောဟိန်း၊ ကိုစောဝင်း၊ ကိုခင်မောင်ဝင်းနှင့် ဆရာတော် ဦးစန္ဒာသီရိတို့လည်း ကလေးမြို့ ထောင်၌ ဖမ်းဆီးခံနေရပြီး ၎င်းတို့အားလုံး ကျန်းမာရေးအခြေအနေ ကောင်းမွန်မှုမရှိကြဟု သိရှိရသည်။ အစသို့

## အင်းစိန်ထောင်တွင်းရှိ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးအား ထောင်သက်တမ်းသနစ်တိုး

*၁၈၊ အောက်တိုဘာ၊ ၂၀၀၄*

ရန်ကုန် အင်းစိန်ထောင်အတွင်း မတရားဖမ်းဆီးခံနေရသူ နိုင်ငံရေးအကျဉ်းသား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးကျော်ဆန်းနှင့် ဒေါက်တာဒေါ်မေဝင်းမြင့်တို့ကို နအဖ က ပုဒ်မ ၁၀ (က) ဖြင့် ထောင်သက်တမ်းထပ်မံ တိုးလိုက်ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်ကို လွှတ်ရက်စေ့သော်လည်း မလွှတ်ပဲ ၁၀ (က) ဖြင့် ဆက်လက်ဖမ်းဆီးထားခြင်းဖြစ်ပြီး ယခုလ ၃ ရက်နေ့က နောက်ထပ် ၆ လ ထပ်မံတိုးလိုက်ခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ် လွှတ်တော်ကုယ်စားလှယ် ဦးကျော်ဆန်းမှာ ယခင်က ပုဒ်မ ၁၀ (က) ဖြင့် သက်တန်းတိုးထားရာ တနှစ်ပြည့် သွားသဖြင့် ယခု ထပ်မံ၍ တနှစ်တိုးခံရခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ဇနီးသည် ဒေါ်မေနွဲ့ကို မေးမြန်းရာ ယခုလို ရှင်းပြသည်။

"စက်တင်ဘာ ၂၇ ရက်နေ့က ခေါ်ပြောတာပေါ့။ ၁၀ (က) နဲ့ ပထမတနှစ်ပြည့်သွားပြီး ဒုတိယအကြိမ် ၁၀ (က) နဲ့ နောက်ထပ် နှစ် ချတာပါ။ ၇ နှစ်ချထားတာကို ၇ နှစ်အပြည့်နေရတဲ့အပြင် ၇ လလည်း အပိုနေရတယ်။ ၇ လ အပိုနေပြီးမှာ နောက်ထပ် ၂ လ၊ ၂ လ၊ ၂) လဆိုပြီး ၁၀ (က) နဲ့ ၃ ခါ ချတာ။ အဲဒါပြီးတော့ ၁၀ (က) နဲ့ တနှစ်ပြန်လုပ်တာ။ အဲဒါပြည့်သွားလို့ နောက်ထပ် ၁၀ (က) နဲ့ပဲ တနှစ်ထပ်လုပ်တာ။"

ယခုလို အာဏာပိုင်တို့က ပြန်လွှတ်မပေးပဲ ၁၀ (က) ဖြင့် ထောင်သက်တမ်း အကြိမ်ကြိမ်ထပ်တိုးနေသည့်အပေါ် ဦးကျော်ဆန်းက မည်သို့ပြောဆိုခြင်းရှိကြောင်း မေးမြန်းရာ ဒေါ်မေနွဲ့က ယခုလိုဆက်လက်ပြောပြသည်။

"အဲဒါတော့ မကျေနပ်ဘူးပေါ့။ ဘာမှမလုပ်ပဲနဲ့ ဒီလိုပဲထပ်ထပ်တိုးနေတာ အဓိပ္ပါယ်မှမရှိတာ။ အသက်လည်း ကြီးလှပြီ။ ဘာမှလည်း လုပ်နိုင်တော့တာမဟုတ်ပဲနဲ့ဆိုတော့ သူက သိပ်မကျေနပ်ဘူးပေါ့။ ဘာဖြစ်လို့လဲလို့ သူမေးတယ်နဲ့တူပါတယ်။ အဲဒါလည်း သူ အတိအကျမသိရဘူး။ သူမေးတာကို ဟိုက ဘာမှပြန်မဖြေဘူးတဲ့။"

ဦးကျော်ဆန်းအနေဖြင့် ထောင်တွင်းနေရသည်မှာ ၁၀ နှစ်နီးပါးရှိပြီး အသက်ကလည်းကြီး၍ ကျန်းမာရေးလည်း ကောင်းမွန်မှု မရှိခြင်းကြောင့် ပြန်လွှတ်ပေးသင့်သည်ဟု ဒေါ်မေနွဲ့က ပြောကြားခဲ့သည်။

"မျက်စိနဲ့နားပေါ့။ နားတဖက်ကလည်း တော်တော်မကြားဖြစ်နေတယ်။ အထဲမှာလည်း တင်းတင်းကျပ်ကျပ်နေရတော့ ကိုယ်လက်လှုပ်ရှားလို့လည်း သိပ်မရဘူးနဲ့တူပါတယ်။ မျက်စိကလည်း နှစ်ဖက်လုံးခွဲရတဲ့သဘောမျိုးဖြစ်နေတယ်။ ၂ ခါ ခွဲရတာကိုး။ ရေတိမ်တခါ၊ အတွင်းတိမ်တခါ။ နောက်တဖက်က နိုဝင်ဘာ ပထမအပတ်မှာ အတွင်းတိမ် ထပ်ခွဲရမယ်။ သူတို့ချထားတဲ့ ပြစ်ဒဏ်လည်း ကိုယ်ခံပြီးပြီပဲ။ ပြည့်သွားပြီးမှ တရားလွန်ထပ်လုပ်တာ သိပ်မဖြစ်စေချင်ဘူးပေါ့။ သူလည်း အသက်ကြီးပါပြီ။ ကျန်းမာရေးလည်း မကောင်းတော့ အန်တီတို့အနေနဲ့ကတော့ ဒီလိုမဖြစ်စေချင်တော့ပါဘူး။ ဒါပေမယ့် ဘယ်လိုလုပ်ရမလဲ။ သူတို့လုပ်တော့ ကိုယ်ခံရတော့မှာပေါ့။ အန်တီတို့ဆန္ဒကတော့ လွှတ်စေချင်တာပေါ့။ သူတို့ချမှတ်တဲ့ပြစ်ဒဏ်လည်း လွန်ခဲ့ပြီပဲ။"

အလားတူ ဒေါ်မေဝင်းမြင့်လည်း ကျန်းမာရေးမကောင်းမွန်ကြောင်း သိရသည်။ အထူးသဖြင့် မျက်လုံးဝေဒနာ ခံစားနေရပြီး ယခုရက်ပိုင်းအတွင်းမှာပဲ မျက်လုံးခွဲစိတ်ကုသရမည်ဟု သိရသည်။

ဒေါ်မေဝင်းမြင့်နှင့် တမူတည်းအဖမ်းခံနေရသူလည်းဖြစ်၊ ယခုလောလောဆယ် ရန်ကုန်ဆေးရုံ အချုပ်ဆောင်၌ ဆေးဝါးကုသမှုခံယူနေရသူ ဒေါက်တာသန်းငြိမ်းလည်း ကျန်းမာရေးအခြေအနေ တနေ့ထက်တနေ့ ပိုဆိုးလာနေကြောင်း ဇနီးဖြစ်သူ ဒေါ်ခင်အေးက ယခုလိုပြောပြသည်။

"အခုက တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ အခြေအနေက အရင်ကနဲ့မတူတော့ဘူးလေ။ အန်တီ စနေနေ့ကတွေ့တာဆို တော်တော်ကိုစိတ်မကောင်းဖြစ်သွားတယ်။ ထော့ကျိုးထော့ကျိုးနဲ့ထွက်လာတာ၊ ခြေထောက်ကလည်း ပတ်တီးကြီးနဲ့။ ညာဖက်ခြေမျက်စိက ရောင်ပြီးတော့ နာနေလို့ပေါ့။ ဒီနေ့တော့ ပတ်တီးတော့ဖြုတ်လိုက်ပြီ။ နှလုံးကတော့ အန်ကယ်ကို နည်းနည်းအပြေးခိုင်းပြီးတော့ မပြေးခင်နဲ့ ပြေးအပြီးနဲ့ အီးစီဂျီဆွဲပြီး စမ်းသပ်ဖို့ ချိန်းထားတယ်။ ဆရာဝန်က ပြေးတာကိုခွင့်ပြုမပြုဆိုတာ မေးရဦးမယ်တဲ့။ လုပ်လို့ရမယ်ဆိုရင်တော့ လုပ်လိုက်မှာပေါ့တဲ့။ ဆိုတော့ သူတို့က တပတ်လောက်များ ထပ်ရွှေ့မလားမသိပါဘူး။ နေ့ရွှေ့ ညရွှေ့နဲ့ပဲ တော်တော်လေး အချိန်တွေက ကုန်နေပြီ။" အစသို့

## အဖွဲ့ချုပ် စမ်းချောင်းမြို့နယ် ဥက္ကဌအား အင်းစိန်ထောင်တရားရုံး၌ ကြားနာစစ်ဆေး

*၂၂၊ အောက်တိုဘာ၊ ၂၀၀၄*

စမ်းချောင်းမြို့နယ် အဖွဲ့ချုပ် ဥက္ကဌ ဦးသက်ဝေကို အင်းစိန်ထောင်တရားရုံး၌ မနေ့က အမှုစစ်ဆေးခဲ့ကြောင်း သိရသည်။ နိုင်ငံရေး ပုဒ်မ ၅ (ည) ဖြင့် စွဲချက်တင်ပြီး တရားသူကြီး ဦးစိုးတင့်က ကြားနာစစ်ဆေးခဲ့ကြောင်း သိရသည်။ ဖမ်းဆီးသွားပြီး ၁ လ ပြည့်သည့်နေ့တွင် ရုံးတင် စစ်ဆေးခြင်း ဖြစ်ပြီး ယူအဲန်ဒီပီ ရုံးရှေ့၌ တကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးထားသူ ဦးအုန်းသန်းနှင့် ပတ်သက်မှုရှိမရှိကို ဇနီးဖြစ်သူ ဒေါ်သန်းသန်းအား ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။ ထိုအကြောင်းများနှင့်ပတ်သက်ပြီး ဒေါ်သန်းသန်းကို မေးမြန်းခဲ့ရာ မနေ့က ကြားနာ စစ်ဆေးမှုအကြောင်း ယခုလိုပြောကြားသည်။

"ဒီကနေ့ သူတို့ခေါ်တာ။ မနေ့ကတော့ သပ်သပ်လေ။ ဦးသက်ဝေက အခေါ်ခိုင်းလိုက်လို့ဆိုပြီး လာခေါ်တယ်။ မနက်ပိုင်းကိုးနာရီခွဲ ကျော်ကျော်လောက်က ခေါ်သွားတယ်။ အောင်သပြေ စစ်ကြောရေးမှာ ထားထားတယ်။ ၁၂ နာရီခွဲလောက်မှာ

အင်းစိန်ကို ပြန်သွားတယ်။ ၁ နာရီထိုးခါနီးမှ အင်းစိန်ကနေထုတ်လာပြီး ကိုပေါက်စနဲ့တွေ့ရတယ်။ သူတို့ စစ်တာပေါ့။ တလမ်းလုံး စကားမပြောရဘူး။ တနာရီထိုးခါနီး လောက်က စစ်တာ။ ၄ နာရီကျော်ကျော်လောက်မှ ပြီးသွားတာပေါ့။”

ကိုပေါက်စ (ခ) ဦးသက်ဝေကို ယူအဲန်ဒီပီရုံးရှေ့ တကိုယ်တော်ဆန္ဒပြခဲ့သူ ဦးအုန်းသန်းနှင့် တရက်တည်း ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ တရားသူကြီး၏ စစ်ဆေးချက်များနှင့် ပတ်သက်ပြီး ဒေါ်သန်းသန်းက ယခုလို ဆက်လက်ပြောပြသည်။

“ဦးအုန်းသန်း အိမ်ကိုလာတာ ကိုပေါက်စနဲ့ ဘယ်လိုအဆက်အသွယ်ရှိလဲ ဘာညာမေးတာပေါ့။ သန်းသန်းက မသိဘူးလို့၊ ဈေးရောင်းနေတော့ သတိမထားမိဘူးလို့ ပြောလိုက်တယ်။ ဘာမှ ကိုယ်က မသိတာ မသိတဲ့အတိုင်းပဲ ပြောလိုက်တာပေါ့။ အခင်းဖြစ်ပွားတဲ့နေ့က ကိုပေါက်စက ဘယ်အချိန် အိမ်မှာရှိတာလဲတို့ အပြင်ထွက်တာတို့ မေးတာပေါ့။ ကျမကလည်း ရုံး သွားတယ်။ ပုံမှန်ပဲ နေ့ခင်း ၁၂ နာရီက သွားတယ်။ ညနေ ၆ နာရီပြန်လာတယ်။ ဒါ ပုံမှန်သွားနေကျလို့ ပြောတာပေါ့။ အခင်းဖြစ်တဲ့နေ့ကလည်း အဲလိုပဲ သွားတယ်လို့ ပြောတာပေါ့။ ရှေ့နေမလည်း စစ်တယ်။”

ဇနီးမောင်နှံ နှစ်ဦးလုံးကိုစစ်ဆေးပြီး ယနေ့ စီရင်ချက်ချရန် ဆုံးဖြတ်ချက်ချခဲ့သော်လည်း တနင်္လာနေ့ကို ပြောင်းရွှေ့လိုက် ကြောင်း ဒေါ်သန်းသန်းက ယခုလို ဆက်လက်ပြောပြသည်။

“သူ့ကိုပေးတဲ့ပစ္စည်း စစ်နေတဲ့အချိန်မှာ သူနဲ့ စကားပြောရတာပေါ့။ ပိန်တော့ တော်တော်ပိန်သွားတယ်။ အူအတက် ရောင်ပြီးရော ပုပ်ပြီးကျောက်ခဲလို မာနေတယ်တဲ့။ ရှေ့လလောက် ဆရာဝန်က ခွဲမယ်လို့ ပြောတာပေါ့။ အိမ်မှာ ကလေး ၃ ယောက်ကို စိတ်ပူတယ်နော်။ ထိန်းထားဖို့ပဲ ပြောပါတယ်။ ဘာမှစိတ်မပူနဲ့၊ ကလေးတွေလည်း လိမ်လိမ်မာမာနဲ့ ရှိပါတယ်ပေါ့။ ကိုယ့်ဟာကိုယ် ကျန်းမာအောင်နေပါလို့။” အစသို့

## အဖွဲ့ချုပ်ဝင်များ ထောင်ဒဏ်အသီးသီး ချမှတ်ခံရ

*၂၅၊ အောက်တိုဘာ၊ ၂၀၀၄*

လားရှိုးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဌေး အပါအဝင် ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဌ ဦးသက်ဝေနှင့် ဦးအုန်းသန်းတို့ ၃ဦးကို နအဖက ယနေ့ပင် ထောင်အသီးသီးချမှတ်လိုက်သည်။ ဦးအုန်းသန်းတို့ စွဲဆိုထားသည့် အမှု ၄ ခုအတွက် စုစုပေါင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်အပြင် ဒဏ်ငွေ ၂ သောင်းပေးဆောင်ရန် မြို့နယ်တရားရုံးက စီရင်ချက်ချလိုက်ခြင်းဖြစ်သည်။ အကယ်၍ ဒဏ်ငွေမဆောင်လျှင် ထောင် ၂ နှစ် ထပ်မံကျခံရန် စီရင်ချက်ချလိုက်သည်ဟု ဦးသန်းဌေး၏ ရှေ့နေ ဦးစိုးမြင့်မောင်က ပြောဆိုသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ပိုမိုသိရှိနိုင်ရန် ဦးစိုးမြင့်မောင်ကို ဒီဗွီဘီက ဆက်သွယ်မေးမြန်းခဲ့သည်။

ဦးစိုင်းမြင့်မောင် — အဲ သူတို့အမိန့်ချတာက ဦးသန်းဌေးက ၄မှုပေါ့ဗျာ။ ပထမအမှုက Wireless and telegraphic act ပုဒ်မ ၆ (၁) အရ အလုပ်နဲ့ ထောင်ဒဏ်၁နှစ်ကျခံစေ။ နောက်တခါ သွင်းကုန်/ထုတ်ကုန် ယာယီကြီးကြပ်ရေးဥပဒေ ပုဒ်မ ၅၁ အရ ပြစ်မှုထင်ရှားတွေ့ရှိတယ်ဆိုပြီး အလုပ်နဲ့ ထောင်ဒဏ် ၁ နှစ်ခွဲနဲ့ ဒဏ်ငွေကျပ် ၁ သောင်း၊ ဒဏ်ငွေမဆောင်က နောက်ထပ် ထောင်ဒဏ် ၁ နှစ်ပေါ့။ နောက်တခုက ကြိုးမဲ့ကြေးနန်း ဥပဒေပုဒ်မ ၆ (၁) အရ အလုပ်နဲ့ထောင်ဒဏ် ၁ နှစ်၊ နောက်တမှုက သွင်းကုန်/ထုတ်ကုန်ကြီးကြပ်ရေး ဥပဒေပုဒ်မ ၅၁ အရ အလုပ်နဲ့ထောင်ဒဏ် ၁ နှစ်ခွဲနဲ့ ဒဏ်ငွေကျပ်တသောင်း၊ မဆောင်က နောက်ထပ် ထောင်ဒဏ် ၁ နှစ်။ အဲဒီလို အမိန့်ချပါတယ်။

ဒီဗွီဘီ — ဦးသန်းဌေးရဲ့ သားနဲ့တူကိုရော ဘယ်လိုဆုံးဖြတ်ချက်ချလိုက်လဲ။

ဦးစိုင်းမြင့်မောင် — ဦးဌေးရယ်၊ ဦးသန်းဌေးသားရဲ့ ပြစ်ဒဏ်က အတူတူပါပဲ။ ဦးသန်းဌေးက စုစုပေါင်း ၄ မှုမှာ ၅ နှစ် ကျတဲ့အခါ သူ့သားကြီးကလည်း ဦးသန်းဌေးလိုပဲ ၅ နှစ်ကျပါတယ်။ ဒဏ်ငွေက ဦးသန်းဌေး ၁ သောင်းဆောင်ရတဲ့နေရာမှာ သူ့သားကြီးလည်း ၁ သောင်းဆောင်ရပါတယ်။ သူ့တူလေး ထွန်းလွင်ဦးက ဘယ်အမှုမှာ ပါလဲဆိုတော့ Wireless and telegraphic act မှာ ၁ မှု၊ ကားသမားတွေ ပါတဲ့အမှုပေါ့။ Wireless and telegraphic act မှာ ထွန်းလွင်ဦးကို ကျန်တဲ့ကားသမားတွေ ကျောက်မဲက ဦးကိုကိုကြီးတို့ ကားသမားတို့ကိုတော့ ထောင်ဒဏ် ၃ လစီ ချပါတယ်။

ဒီဗွီဘီ — ဦးစိုးမြင့်မောင်အနေနဲ့လည်း ဦးသန်းဌေးအတွက် လျှောက်လဲချက်တွေ တင်တာ ရှိတယ်လို့ သိရပါတယ်။ အဲဒါတွေကိုရော တရားရုံးက ပြန်လည်သုံးသပ်တာမျိုးရှိပါသလား။

ဦးစိုင်းမြင့်မောင် — ကျနော်တို့ဘက်က အချက် ၂ ချက်ပေါ့။ တချက်က အကောက်ခွန်မဲ့ပစ္စည်းတွေ့တာနဲ့ သွင်းကုန်/ထုတ်ကုန် ယာယီကြီး ကြပ်ရေးဥပဒေ ပုဒ်မ ၅၁ ကို ကျူးလွန်တယ်လို့ စီရင်ထုံးများနဲ့ ဥပဒေပြဋ္ဌာန်းချက်အရ အကြုံးမဝင်ဘူးလို့ ကျနော်တို့ တင်ပြထားပါတယ်။ နောက်တချက်က ဒီပစ္စည်းဟာ အကောက်ခွန်မဲ့ ပစ္စည်းဖြစ်တယ်လို့ အကောက်ခွန်ဦးစီးမှူး သက်သေလာထွက်ဆိုချိန်က ဒီပစ္စည်းဟာ အကောက်ခွန်မဲ့ပစ္စည်းဟုတ်တယ်မဟုတ်ဘူးလို့ သူပြောနိုင်တဲ့ အနေအထား မရှိဘူး လို့ ကျနော်တို့က တင်ပြတယ်။ နောက်တခုက Wireless and telegraphic act ပါ။ အဲဒါက တော်တော်ထူးခြားပါတယ်။

ကျနော်တို့တင်ပြတာက ရှမ်းပြည်မှာ အာဏာသုံးတဲ့ ဥပဒေထဲမှာ Wireless and telegraphic act မပါဘူး။ ဒီဥပဒေအရ စွဲတာကိုက မှားတယ်လို့ ကျနော်တို့ တင်ပြတာပါ။ သို့သော် ရုံးက လက်မခံပါဘူး။ သုံးသပ်ခြင်းတောင် မရှိပါဘူး။ ကျနော်တို့အမြင်အရ အရေးယူတာကလည်း ဥပဒေအရ အကြုံးဝင်တယ်လို့ မခံယူပါဘူး။ ရှမ်းပြည်နယ်မှာဖြစ်လို့ Wireless and telegraphic act အရလည်း အကြုံးမဝင်ဘူးလို့ ကျနော်တို့ဘက်က ခုထက်ထိ ယုံကြည်ပါတယ်။

ဒီဗွီဘီ — ဥပဒေအရ အကြုံးမဝင်ဘူးဆိုရင် ဦးသန်းဌေးကိစ္စကို ဆက်ပြီးအယူခံဝင်ဖို့ ရှိပါသလား။

ဦးစိုင်းမြင့်မောင် — ကျနော်တို့ကတော့ နဂိုကတည်းကိုက ဒီအမှုတွေက လွှတ်မယ်လို့တော့ မထင်ပါဘူး။ သို့သော် ကျနော်တို့က ဘာကိုတင်ပြတာလဲဆိုတော့ ဥပဒေကို တင်ပြတာပါ။ အမှုတခုမှာ ဥပဒေဆိုတဲ့ Law Points တွေ ရှိတယ်။ အကြောင်းခြင်းရာဆိုတဲ့ facts တွေ ရှိတယ်။ ဆိုတာက သိမ်းမိတယ်။ မသိမ်းမိဘူး။ ဟိုနေရာက သိမ်းမိတယ်။ ဒီနေရာက မသိမ်းမိဘူး။ ဦးသန်းဌေးဆိုင်က ဟုတ်တယ်မဟုတ်ဘူး အဲဒီ Facts တွေပေါ်မှာ ကျနော်တို့ မပြောပါဘူး။ မူလရုံးကလည်း သူ့သဘောအရင်း သုံးသပ်လို့ရပါတယ်။ Law အပေါ်မှာတော့ ကျနော်တို့တင်ပြချက်ကို မူလရုံးက သုံးသပ်ထားခြင်းမရှိတဲ့အတွက် အဆင့်မြင့်ရုံးတွေမှာတော့ ဒီဥပဒေအချက်အလက်တွေကို သုံးသပ်နိုင်ဖို့အတွက် ကျနော်တို့ဘက်က အဆင့်ဆင့်တက်ပြီးတော့ တင်ပြသွားဖို့ အစီအစဉ်ရှိတယ်လို့ ပြောပါရစေ။

ဦးသက်ဝေနှင့် ဦးအုန်းသန်းတို့ နှစ်ဦးကိုမူ နိုင်ငံတော်ဆူပူအောင် လှုံ့ဆော်မှု ဥပဒေပုဒ်မ ၅၀၅ (ခ) အရ ထောင် ၂ နှစ်စီ ချမှတ်လိုက်ကြောင်းသိရသည်။ ထိုအကြောင်းကို ဦးသက်ဝေ၏ ဇနီး ဒေါ်သန်းအေးက ဒီဗွီဘီကို ယခုလိုပြောပြသည်။

"ဦးသက်ဝေကို မေးကြည့်တော့ ပုဒ်မ ၅၀၅ (ခ) နဲ့ ထောင် ၂ နှစ်စီချလိုက်တယ်တဲ့။ ဘယ်နေ့တွေ့ရမလဲဆိုတော့ စနေနေ့ လာတွေ့တဲ့ပြောတယ်။ သူက ကားပေါ်က စကားပြောတာပေါ့။ ညီမတို့က အောက်ကပေါ့။ ၅ မိနစ်လောက်ပဲ။ သမီးကလည်း သူ့အဖေနဲ့ စကားပြောတယ်။ အသိတယောက်နဲ့ စကားပြောတယ်။"

ယနေ့ အင်းစိန်ထောင်၌ ဦးအုန်းသန်း၏သမီးနှင့်တွေ့ခဲ့ပြီး ဖခင်အတွက် ထောင်ဝင်စာတွေ့ရန် အခက်အခဲရှိကြောင်း ပြောပြသည်ဟု သိရသည်။ ဦးအုန်းသန်းကို စက်တင်ဘာ ၂၀ ရက်နေ့က ရန်ကုန်ယူအဲန်ဒီပီရုံးရှေ့၌ တကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဦးသက်ဝေကိုမူ ဦးအုန်းသန်းနှင့် ဆက်နွယ်ပြီး ထိုနေ့မှာပင် နယ်မြေခံအာဏာပိုင်တို့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အစသို့

## ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ပြန်လည်လွတ်မြောက်

*၂၆၊ အောက်တိုဘာ၊ ၂၀၀၄*

နှစ်ရှည်မတရားထောင်ချခံခဲ့ရသည့် ၈၈၈၈ ကျောင်းသားခေါင်းဆောင် ကိုဌေးကြွယ် ယနေ့နံနက်ပိုင်းက ပြန်လည်လွတ်မြောက်လာကြောင်း သိရပြီး ဒီဗွီဘီက ဆက်သွယ်မေးမြန်းခွင့် ရရှိခဲ့သည်။

ကိုမိုးအေး — အရင်ဆုံး ကျန်းမာရေးအခြေအနေပြောပေးပါလား။

ကိုဌေးကြွယ် — ကျန်းမာရေးအခြေအနေက ပုံမှန်ပေါ့လေ။ မဆိုးပါဘူး။ ကောင်းလာပါပြီ။

ကိုမိုးအေး — ပြီးခဲ့တဲ့လပိုင်းက ကိုဌေးကြွယ်ဗိုက်ခွဲရတာ တော်တော်အခြေအနေဆိုးတယ်လို့ သိရပါတယ်။ အဲဒါက ရောဂါ တော်တော်သက်သာသွားပြီပေါ့။

ကိုဌေးကြွယ် — တော်တော်လေးတော့ ပြန်ပြီး recover ဖြစ်လာတယ်ပေါ့။ နဂိုပုံမှန်အတိုင်းတော့ မဟုတ်ဘူးပေါ့။

ကိုမိုးအေး — ကိုဌေးကြွယ် ထောင်ထဲမှာ စုစုပေါင်း ဘယ်လောက်နေခဲ့ရပါသလဲ။

ကိုဌေးကြွယ် — ၁၃ နှစ်နဲ့ ၃ လပေါ့။ ကျနော့်ထက် ပိုကြာတဲ့လူတွေလည်း အများကြီးရှိနေပါသေးတယ်။ ၁၅– ၁၆ နှစ် တောင် ဖြစ်နေပြီပေါ့။ သာယာဝတီထောင်မှာ ကိုဂျင်မီတို့ ကိုစိုးလှိုင်တို့။ တခြားထောင်တွေမှာတော့ ၁၀ (က) နဲ့ ထိန်းသိမ်းထားတဲ့ အထဲကလည်း ကိုဇော်မင်းတို့၊ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ ကိုမြတ်စံတို့ ကျန်ပါသေးတယ်။ နှစ်လည်း တော်တော်ကြာနေပါပြီ။

ကိုမိုးအေး — ကိုဌေးကြွယ်ကို ၁၀ (က) နဲ့ ထိန်းသိမ်းထားတယ်ဆိုတော့ အခုဟာက ၁၀ (က) က ပြည့်သွားလို့ လွှတ်ပေးလိုက်တာလား။ ဘယ်လိုမျိုးရှိပါသလဲ။

ကိုဌေးကြွယ် — ကျနော့်ကို ၉၉ ဧပြီလဆန်းကနေ စပြီး ၁၀ (က) နဲ့ ထိန်းတယ်။ ၅ နှစ်ခွဲပေါ့။ ၁၀ (က) အရ ပြည့်သွားလို့ လွှတ်ပေးတဲ့သဘောပါ။

ကိုမိုးအေး — အခု ပြန်လွှတ်ပြီးတော့ ဘာမလုပ်ရဘူး ညာမလုပ်ရဘူးလို့ ပုဒ်မ ၄၀၁ စသဖြင့် အချုပ်အချယ် အကန့်အသတ်တွေမျိုး ရော လုပ်တာရှိလား။

ကိုဌေးကြွယ် — မရှိပါဘူး။ Unconditional ပါ။ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်လို့ရတယ်လို့ ဆိုလိုပါတယ်။

ကိုမိုးအေး — ခုပြန်လွတ်လာတော့ ကိုဌေးကြွယ် ရှေ့ဘာတွေဆက်လုပ်ဖို့ ရည်ရွယ်တာတွေရှိလဲ။

ကိုဌေးကြွယ် — အပြင်အခြေအနေကို ပြန်ပြီးလေ့လာရဦးမယ်။

ကိုမိုးအေး — အခု ၁၃ နှစ်ကျော်မှာ ထောင်တွေ ဘယ်လိုနေခဲ့ရလဲ။

ကိုဌေးကြွယ် — အင်းစိန်ထောင်မှာ ၉၁ ကနေ ၉၄ ထိပေါ့။ ၉၄ နောက်ပိုင်းကတော့ သာယာဝတီထောင်ပေါ့။ အခု သာယာဝတီထောင်ကနေ လွတ်ခါနီးမှာ အင်းစိန်အထူးတိုက်ထဲမှာ ထည့်ထားတာပေါ့။ အခု အင်းစိန်ကနေ ပြန်လွတ်လာတာပါ။

ကိုမိုးအေး — အခု အင်းစိန်အထူးတိုက်ထဲမှာ ဘယ်သူတွေနဲ့ ကြုံခဲ့ရလဲ။

ကိုဌေးကြွယ် — အင်းစိန်အထူးတိုက်မှာ အားလုံးပိတ်ဆို့ထားတော့ ဘယ်သူတွေရှိတယ်ဆိုတာ မသိရဘူး။

ကိုမိုးအေး — ကိုဌေးကြွယ်ကို စဖမ်းတုန်းက ဘယ်လိုပုဒ်မတွေနဲ့ ဘယ်လိုအမှုတွေနဲ့ ဘယ်နှစ်နှစ် ချတယ်ဆိုတာ ပြန်ပြောပြလို့ရမ လား။

ကိုဌေးကြွယ် — ကျနော့်ကို ၉၁ ဖွန်လမှာ ဖမ်းတယ်။ ၅ (ည)၊ ၁၉ (က) နဲ့ ထောင် ၁၅နှစ်ချလိုက်တယ်။ ၁/ ၉၃ နဲ့ ဆယ်နှစ်ပြည့်သွားပြီး ၉၉ မှာ လွတ်ပေးမယ့် လွတ်မပေးသေးဘဲနဲ့ ၁၀ (က) နဲ့ ဆက်ထိန်းသိမ်းတာပေါ့။

ကိုမိုးအေး — နှစ်စေ့ပြီးလို့ ၁၀ (က) တပ်တဲ့အချိန်မှာ ကိုဌေးကြွယ်စိတ်ထဲ ဘယ်လိုဖြစ်မိလဲ။

ကိုဌေးကြွယ် — ထူးထူးခြားခြားတော့ မရှိပါဘူး။ မျှော်လင့်ပြီးသားလို ဖြစ်နေပါတယ်။ ဆက်လက်ပြီးတော့ ချုပ်နိုင်သေးတယ် ဆိုတာမျိုးပေါ့။

ကိုမိုးအေး — ထောင်ထဲမှာ အဲလို ၁၃ နှစ်ကျော် ဖြတ်သန်းခဲ့ရတော့ ဘယ်လိုမျိုး စိတ်ဓါတ်ခွန်အားနဲ့ ဖြတ်သန်းခဲ့ရတယ်ဆိုတာ ပြောပြလို့ ရမလား။

ကိုဌေးကြွယ် — ထောင်တွင်းဘဝမှာတော့ ဖိအားတွေအမျိုးမျိုးပေါ့ဗျာ။ ဟိုတုန်းကဆိုရင် အခြေအနေတွေက ဆိုးတာကိုး။ ‘ကျနော်တို့ဟာ လူထုအတွက်’ ဆိုတဲ့ ရပ်တည်ချက်နဲ့ပဲ ကျနော်တို့ရဲ့ စိတ်ဓါတ်တွေကို ခိုင်မာအောင် လုပ်ခဲ့ရပါတယ်။ ၉၇ အိုင်စီအာစီဝင်ပြီးတဲ့အခါမှာတော့ ထောင်တွေအခြေအနေလည်း ပြောင်းလာတယ်ဗျ။ အားလုံးဟာ စိတ်ဓါတ်ခိုင်မာကြပါတယ်။

ကိုမိုးအေး — ကျန်းမာရေးဆိုးရွားတဲ့ အခြေအနေမျိုးမှာရော ကိုဌေးကြွယ် ဘယ်လိုဖြစ်မိလဲ။ ဥပမာ … ငါ အသက်ရှင်ရက်နဲ့ ထွက်ရပ့ါမလား၊ ငါ့မှာ လုပ်စရာတွေ အများကြီးရှိသေးတယ် စသဖြင့်ပေါ့။

ကိုဌေးကြွယ် — ကျန်းမာရေးဆိုးရွားနေတဲ့အချိန်မျိုးမှာ ကျနော် ရှင်မယ် မရှင်ဘူးဆိုတာကတော့ မသေချာတဲ့ အခြေအနေထိကို ရောက်သွားတယ်ပေါ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ရင်ဆိုင်မယ်ဆိုတဲ့ စိတ်ဓါတ်အခြေအနေတခုနဲ့ပဲ ဖြတ်သန်းခဲ့ပါတယ်။

ကိုမိုးအေး — ပြန်လွတ်လာပြီဆိုတော့ မိသားစုက ဝမ်းသာမှာပေါ့။ ကိုယ်လို ဘဝတူမိသားစုတွေကိုရော ဘယ်လိုမျိုး အားပေးစကား ပြောစရာရှိမလဲ။

ကိုဌေးကြွယ် — ကျနော်တို့ဟာ အခြေအနေတခုကြောင့် ဒီလို အကျဉ်းကျခံနေကြရတာကိုး။ အဲတော့ မိသားစုတွေအနေနဲ့ မိမိရဲ့သားပဲဖြစ်စေ မောင်ပဲဖြစ်စေ၊ လင်သားပဲဖြစ်စေ၊ မိသားစုတွေအနေနဲ့ကတော့ ကြံ့ကြံ့ခံကြဖို့ပဲ အားပေးချင်ပါတယ်။

ကိုမိုးအေး — ကျနော်တို့သိသလောက် ကိုဌေးကြွယ်က ၈၈၈၈ မှာ နာမည်ကြီးခဲ့တဲ့ ကျောင်းသားခေါင်းဆောင်ဆိုတော့ လက်ရှိကျောင်းသားတွေ၊ မျိုးဆက်သစ်တွေအပေါ် ဘာတွေ ပြောပြစရာရှိမလဲ။

ကိုဌေးကြွယ် — ၈၈၈၈ ကာလနဲ့ အခုကာလ မတူတာတွေတော့ရှိတယ်။ ဟိုကာလတွေတုန်းက လူငယ်တွေရဲ့ အနာဂတ်ဟာ ဘာမှ ရွေးချယ်စရာမရှိဘူး။ အခုတော့ ရွေးချယ်စရာတွေရှိလာတယ်။ လူငယ်တွေလည်း ကြိုးစားကြတာတွေ တွေ့ရပါတယ်။ ဒါပေမယ့် ဒီထက်ပိုပြီးတော့ တိုင်းပြည်ဟာ ပိုပြီး ဖွံ့ဖြိုးတိုးတက်သင့်တယ်။ ပိုပြီးတော့ ငြိမ်းချမ်းသင့်တယ်။ ပိုပြီးတော့ တည်ငြိမ်သင့်တယ်။ ဒီဟာအတွက်လည်း အားလုံးဝိုင်းဝန်းပြီးတော့ အားလုံးမှာ တာဝန်ရှိပါတယ်။ ဘယ်ခေတ်ရောက်ရောက် ဘယ်မျိုးဆက်မှာပဲဖြစ်ဖြစ် သူ့ခေတ်ရဲ့ တာဝန်ကတော့ ယူကြရစမြဲပါပဲ။ ယူကြဖို့ပဲ ပြောချင်ပါတယ်။

ယုံကြည်ချက်ကြောင့် မတရားဖမ်းဆီးခံထားရသူအားလုံး ပြန်လွတ်ပေးသင့်ပြီဖြစ်ကြောင်းနှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးတိုက်ပွဲဝင်နေသူ အားလုံးကို အထူးကျေးဇူးတင်ပါကြောင်းလည်း ကိုဌေးကြွယ်က ပြောကြားသွားသည်။

## ထောင်ဒဏ်ကျခံနေရသူ ၂ဦးအတွက် စစ်တပ်မှ ဒဏ်ငွေဆောင်၍ ပြန်လည်လွတ်မြောက်

*၂၇၊ အောက်တိုဘာ၊ ၂၀၀၄*

နယ်မြေခံအာဏာပိုင်များကို အသရေဖျက်သည်ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ် ၆ လ ကျခံနေရသည့် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ် ကညင်ငူကျေးရွာက ဦးအုန်းမြင့်နှင့် ကိုခင်ဇော်တို့ကို နအဖက ပြန်လွတ်ပေးလိုက်ပြီဟု သိရသည်။ ပြီးခဲ့သည့် သောကြာနေ့က ယခုလို ပြန်လွတ်ပေးလိုက်ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦး မည်သည့်ပုံစံဖြင့် ပြန်လွတ်ပေးလိုက်ကြောင်း သိရှိနိုင်ရန် ထိုအမှုများအကြောင်း အမြဲသတင်းပေးပို့ နေသည့် ဒီဗွီဘီသတင်းထောက် မောင်မောင်ဟိန်းကို ဆက်သွယ်မေးမြန်းခဲ့သည်။

“ပြီးခဲ့သည့် သောကြာနေ့ကပဲ ကိုအုန်းမြင့်နဲ့ ကိုခင်ဇော်ကို တရားရုံးကလွှတ်လိုက်တယ်ဆိုပြီး ပြန်လွှတ်ပေးလိုက်တယ်ခင်ဗျ။ ကိုအုန်းမြင့်က ဟသ်ာတမြို့ကို ပြန်ရောက်တဲ့အခါ ပြန်စုံစမ်းကြည့်လိုက်တော့ တရားရုံးက အမှုပြင်ဆင်ပြီး ပြန်လွှတ်တယ်လို့ ထင်တယ်ခင်ဗျ။ တကယ်တမ်းစုံစမ်းကြည့်တဲ့အခါ နယ်မြေခံစစ်တပ်ကနေ ဒဏ်ငွေလာဆောင်ပြီးတော့ တရားရုံးတော်ကနေ ဒဏ်ငွေဆောင်လို့ လွှတ်ပေးတဲ့ပုံစံမျိုးနဲ့ ပြန်လွှတ်လိုက်တယ်ခင်ဗျ။ ဒီအမှုနဲ့ပတ်သက်ပြီးတော့ ဒေသခံတွေကို ဆက်သွယ်မေးမြန်းတဲ့အခါမှာ ဘယ်လိုပြောလဲဆိုတော့ ဒါဟာ နားလှည့် ပါးရိုက်တဲ့ပုံစံမျိုး ဖြစ်တယ်။ အာဏာပိုင်တွေဟာ ဒီထက်ပိုကြီးထွားလာမယ့် ပြဿနာတွေကို မြင်တဲ့အတွက် ဒဏ်ငွေကို သူတို့အိတ် ထဲက စိုက်ဆောင်ပြီးတော့ ပြန်လွှတ်လိုက်တာဖြစ်တယ်။ အခုကြားရတဲ့သတင်းက အိုင်အယ်လ်အိုကလည်း နိုင်ငံအသီးသီးမှာရှိတဲ့ အလုပ်သမားအဖွဲ့အစည်းတွေအားလုံးကို ဒီအမှုနဲ့ပတ်သက်ပြီးတော့ တင်ပြဆွေးနွေးနေတဲ့ အချက်အလက်တွေလည်း ရှိတယ်။ နအဖ အာဏာပိုင်တွေ ကိုလည်း စာနဲ့ ဆက်သွယ်နေတဲ့ အပိုင်းတွေလည်းရှိတယ်။ အဲဒါကြောင့် အာဏာပိုင်တွေက ရှေ့ဖြစ်လာမယ့်ပြဿနာ ကြီးထွားလာမှာ စိုးရိမ်တဲ့အတွက် ဒဏ်ငွေဆောင်ပြီးတော့ တဖက်လှည့်နဲ့ ပြန်လွှတ်လိုက်တယ်လို့ ဒေသခံတွေက ကျနော့်ကို ပြောပြတယ်ခင်ဗျ။ ”

ဒီဗွီဘီ — နယ်မြေခံစစ်တပ်က သူတို့နှစ်ဦးကို ဒဏ်ငွေဆောင်ပြီးတော့ တရားရုံးကနေ ပြန်လွှတ်ပေးဖို့လုပ်တယ်ဆိုတာ ထူးဆန်းနေပါတယ်။ အဲဒီကိစ္စက သေချာလား။

မောင်မောင်ဟိန်း — ဦးအုန်းမြင့်ကိုယ်တိုင်က တရားရုံးမှာသွားပြီး မေးကြည့်တာပေ့ါ။ ကျနော်တို့ကို ဘာကြောင့်လွှတ်လိုက်လဲ။ နဂိုကတည်းကလည်း သူတို့ ဒဏ်ငွေဆောင်နိုင်ပါလျက်နဲ့ တမင်သက်သက်ကို ထောင်ဒဏ် ၆ လကို ရွေးပြီး အကျခံလိုက်တာ ဖြစ်တဲ့အတွက် ဘာကြောင့် အခုလို လွှတ်ရသလဲဆိုတာ ပြန်လေ့လာတဲ့အခါ သိလိုက်ရတာက တပ်ရင်း၊ တပ်ဖွဲ့၊ တပ်မကို တိတိကျကျ မသိရပေမယ့် စစ်တပ်ကနေ ဒဏ်ငွေဆောင်သွားတယ်ဆိုတာကိုတော့ အသေအချာသိလိုက်ရတယ်လို့ ကိုအုန်းမြင့်က ပြောပြတယ် ခင်ဗျ။

ထပ်မံရရှိသည့် သတင်းများအရ တရားရုံးက ထောင်ဒဏ်အပြစ်ပေးထားသည်ကို ဒေသခံစစ်တပ်က ဒဏ်ငွေဆောင်ပြီး လွှတ်ပေးလိုက်သည့်အပေါ် ဒေသခံများက အထူးစိတ်ဝင်စားနေကြကြောင်း သိရသည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး ရန်ကုန်အခြေစိုက် အိုင်အယ်လ်အို ရုံးခွဲကို ဆက်သွယ်မေးမြန်းသည့်အခါ တစုံတရာ ထင်မြင်ချက်ပေးရန် ငြင်းဆိုသွားသည်။ သို့သော် ယင်းအမှုအပါအဝင် ဆက်လက်ဖြစ်ပွားနေသည့် လုပ်အားပေးခိုင်းစေမှု၊ ပေါ်တာဆင့်ခေါ်မှု၊ ဖမ်းဆီးမှု စသည့် အကြောင်းရာမျိုးစုံကို အိုင်အယ်လ်အိုရုံးခွဲတာဝန်ခံ ရစ်ချဒ်ဟိုဆေးက အသေးစိတ်အစီရင်ခံစာရေးသားနေပြီး ရှေ့လ ၄ ရက်နေ့တွင် ကျင်းပမည့် အိုင်အယ်လ်အို အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးထံတင်ပြမည်ဟု အိုင်အယ်လ်အိုတာဝန်ရှိသူတဦးက ဒီဗွီဘီကို ရှင်းပြသည်။ အိုင်အယ်လ်အို အစည်းအဝေးကျင်းပသည့် အချိန်အထိ နအဖဘက်က လုပ်အားပေး ခိုင်းစေသည်ကို မရပ်ဆိုင်းပါက အဖွဲ့ဝင် ၁၇၅ နိုင်ငံပါဝင်သော အစိုးရများနှင့် အလုပ်သမားအဖွဲ့များက နအဖကို စီးပွားရေးဒဏ်ခတ်အရေးယူမည်ဖြစ်ကြောင်း သိရသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသား ဇော်မျိုးထက် အကျဉ်းကျခံနေရစဉ် သေဆုံး

*၃၀၊ အောက်တိုဘာ၊ ၂၀၀၄*

အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေးနှင့်အတူ ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသား ၉ ဦးထဲမှ တဦးဖြစ်သူ ဇော်ဇော် (ခ) ဇော်မျိုးထက် ယခုလ ၁၉ ရက်နေ့က အကျဉ်းထောင်တွင်း သေဆုံးသွားကြောင်းသိရသည်။

အသက် ၂၈ နှစ်ရှိ တက္ကသိုလ်ကျောင်းသားတဦးဖြစ်သူ အသည်းရောင်ရောဂါဖြစ်ပွားခဲ့၍ အင်းစိန်ထောင်မှ ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပြောင်းရွှေ့ဆေးဝါးကုသမှုခံယူနေစဉ် ယခုလို သေဆုံးခဲ့ရကြောင်း ရန်ကုန်နိုင်ငံရေးအသိုင်းအဝိုင်းက ဒီဗွီဘီကို ပြောကြားခဲ့သည်။ ဇော်မျိုးထက် သေဆုံးမှုနှင့်ပတ်သက်ပြီး ပိုမိုသိရှိနိုင်ရန် ပဲခူးတိုင်း၊ မင်းလှမြို့ရှိ မိသားစုကို ဆက်သွယ်မေးမြန်းခဲ့ရာ ဖခင်ဖြစ်သူ ဦးခင်မောင်ဦးက ယခုလိုစတင်ပြောဆိုသည်။

“ဟုတ်ကဲ့၊ ကျနော်ပါ၊ ဇော်မျိုးထက်ရဲ့ အဖေပါ။ အောက်တိုဘာ ၅ ရက်နေ့ကပေ့ါဗျာ။ အင်းစိန် ဆေးရုံကြီးကပေ့ါဗျာ။ အင်းစိန်ဆေးရုံကြီးကို ၂၈ ရက် စက်တင်ဘာမှာတက်ရပြီးတော့ ရန်ကုန်ဆေးရုံကြီးရောက်တော့ ၅ ရက်၊ ၁၀ လပေ့ါဗျာ။ အဲဒီနေ့က ရောက်သွားတော့ သူက ဘာရောဂါလဲဆိုတော့ မျက်လုံးတွေ ဝါတယ်ဗျာ။ အသည်းရောင်တယ်ပေ့ါဗျာ။ အသည်းဆေးတို့၊ ဂလူးကို့စ်တို့ ဘာတို့ သွင်းရတယ်ဗျ။ အဲလို သွင်းလည်း ကလေးက ဘယ်လိုဖြစ်လဲဆိုတော့ အစာလည်း မမှန်တဲ့အခါကျတော့ အားအင်ချိနည့်လာတာပေ့ါဗျာ။ သွေးပေါင်လည်း ကျတယ်ခင်ဗျ။ နောက်ပြီးတော့ အသည်းမှာထိခိုက်တယ်လို့လည်း သေခါမှပဲ သိတယ်ဗျာ။ အသည်း သိပ် အလုပ်မလုပ်ဘူးပေ့ါဗျာ။ ဆုံးတဲ့နေ့ကတော့ ၁၉ ရက် နေ့ ညနေ ၃ နာရီလောက်မှာ ဆုံးသွားတယ်ခင်ဗျ။”

ယခုလို အရေးပေါ်ဆေးကုနေချိန် အာဏာပိုင်တို့က မည်သို့မျှ အကူအညီမပေးခဲ့၍ နီးစပ်ရာဆွေမျိုးများထံမှ ချေးငှားပြီး ကုသခဲ့ရကြောင်းကိုလည်း ဦးတင်မောင်ဦးက ယခုလို ဆက်လက်ပြောဆိုသည်။

"အရေးပေါ်ဆိုတော့ ၁၇– ၁၈ ဟိုးအပေါ်ဆုံးထပ်ပေါ့ဗျာ။ အပေါ်ဆုံးမှာ တက်ကုတာကို ဆေးတွေ ဘာတွေ လာပေးတာလည်း မရှိဘူး။ ကျနော်တို့ဖာသာ ဝယ်ရပါတယ်။ ကျနော်တို့ ရှိတဲ့အင်အားလေးနဲ့ နယ်ပြန်ပြီးတော့ ချေးရယ် ငှားရယ်လုပ်ပြီးတော့မှ ဒီဆေးလေးတွေ ဝယ်ပြီးတော့မှ ကုသရတာပေါ့ဗျာ။ အိုင်စီအာစီတို့ကိုလည်း ကျနော်သွားပြီး အကြောင်းမကြားတော့ဘူးဗျာ။ ကျနော်လည်း ပူထူပြီးတော့ အိုင်စီအာစီကို သွားအကြောင်းမကြားမိတော့ဘူး။"

အာဏာပိုင်တို့က ဆေးကုသမှုကို မကူညီသည့်အပြင် ဈာပနအခမ်းအနားအတွက် ပြင်ပပုဂ္ဂလိက နာရေးအသင်းကို အကူအညီ တောင်းရာ၌လည်း လက်မခံဘဲ ငြင်းပယ်ခဲ့ကြောင်းသိရသည်။

"ကျနော်တို့ကလည်း နယ်ကလာတဲ့အခါကျတော့ အကူအညီ သိပ်လိုချင်တဲ့သဘောနဲ့ ရေဝေးတို့ ဘာတို့ ပို့လို့ရတဲ့ ကျော်သူတို့အဖွဲ့ ကို လှမ်းဆက်တယ်။ ထောင်က ထောင်ကနဲ့ ဆက်သွယ်ပါဦးတဲ့။ ထောင်က သူတို့ပဲ သင်္ဂြိုလ်ပေးလို့ ရမယ်တဲ့။ အပြင်က သင်္ဂြိုလ်လို့ မရဘူးတဲ့။ ကျနော်တို့ အဖွဲ့အစည်းတွေ ရှိနေပါသေးတယ်ဆိုပြီး ကျနော့်ကို ကလေးသေသွားတယ်ဆိုတဲ့ အမိန့်ပြန်စာတွေ ဘာတွေ ပေးတယ်ဗျ။ အဲဒါပြီးတော့ နယ်ပြန်ရောက်တော့ ၂၁ နေ့ပေါ့ဗျာ။ အခု ပြီးခဲ့တဲ့ တနင်္လာနေ့က နေအိမ်မှာပဲပေါ့။ မင်းလှ ပြည်တော်သာ ၄ လမ်းပေါ့ဗျာ။ နေအိမ်မှာပဲ ရက်လည်သပိတ် သွတ်လိုက်ရတယ်။ "

တသက်တကျွန်းမှ ထောင်ဒဏ် ၂ နှစ်အထိ လျှော့ပေါ့ပြီးကာမှ ယခုလိုသေဆုံးခဲ့ရ၍ ယူကျုံးမရ ခံစားနေရကြောင်းလည်း ဦးတင်မောင်ဦးက ပြောပြခဲ့သည်။

" သူက ၃ နှစ်ကို နောက်ထပ်အယူခံတင်တော့ ၁ နှစ်နိုင်သွားတယ်ပြောတယ်။ ၁ နှစ်နိုင်သွားတော့ ကျနော့်သားကို ကျနော် အားပေးတာပေါ့။ သား ၂ နှစ်ပဲကျန်တော့တယ်။ ၂ နှစ်မှာ သားနေလာတဲ့နှစ်က ၁ နှစ်ကျော်ရှိတဲ့အတွက် သား ကျန်လို့ရှိရင် လလေးပဲကျန်မယ်လို့ ကျနော်ပြောလိုက်တယ်ဗျ။ ကျနော်ဆိုလို့ရှိရင် ကျနော့်သားကို အမြဲတမ်းမြင်ယောင်နေတာပေါ့ဗျာ။ အခု ခင်ဗျားဆက်လိုက်တာက ကျနော့်အချစ်ဆုံးသူငယ်ချင်းရဲ့ လက်ဖက်ရည်ဆိုင်လေးပေါ့။ ဒီသူငယ်ချင်းတွေနဲ့ပဲ တနေကနေ မိုးချုပ်တဲ့အထိ ပြောဆိုနေရတာပေါ့ဗျာ။ ကျနော် အမြဲတမ်း ကျနော့်သားကို ကျနော့်လက်ပေါ်မှာ သေသွားတယ်ဆိုတော့ ကျနော် အမြဲတမ်း တသ နေတာပေါ့ဗျာ။ အခု ခင်ဗျားကို ပြောနေတဲ့အချိန်မှာတောင် ကျနော် စိတ်ထဲမှာ လုံးဝ စိတ်မကောင်းဘူး။ ခံစားနေရတာပေါ့ဗျာ။ "

အစသို့

■■■